# ကယားပြည်နယ်တရားလွှတ်တော်

# HIGH COURT OF KAYAH STATE



## ၂၀၂၄ ခုနှစ်

## တရားရုံးနှစ်စဉ်အစီရင်ခံစာ





# သင်သိပါသလား ?

ကယားပြည်နယ်အတွင်း
တရားရုံး စုစုပေါင်း - ၁၂ ရုံး





ကယားပြည်နယ်အတွင်း
တရားရေးအရာရှိ စုစုပေါင်း - ၁၁ ဦး

ပြည်နယ်တစ်ခုလုံးအတွင်း
အမှုပြီးပြတ်မှု ရာခိုင်နှုန်း - ၁၁၅.၂၆ %



NCMP

နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်
တရားရုံး ၁၁ ရုံး

# မာတိကာ


ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၏ ဥယျောဇဉ် က

ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများနှင့် နှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက် င


## အပိုင်း (၁)

## တရားရုံးစီမံခန့်ခွဲမှု ၁


| | | | | |
|---|---|---|---|---|
| ၁.၁ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အချုပ်အခြာအာဏာ (၃) ရပ် | | | ၃ |
| ၁.၂ | တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ | | | ၃ |
| ၁.၃ | တရားရုံးဖွဲ့စည်းပုံ | | | ၄ |
| | ၁.၃.၁ | ကယားပြည်နယ်တရားလွှတ်တော်နှင့် လက်အောက်ခံတရားရုံးများ | | ၅ |
| ၁.၄ | ကယားပြည်နယ်တရားလွှတ်တော်ဖွဲ့စည်းပုံ | | | ၆ |
| | ၁.၄.၁ | ကယားပြည်နယ်တရားလွှတ်တော် | | ၆ |
| | | ၁.၄.၁.၁ | ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ | ၇ |
| | | ၁.၄.၁.၂ | ပြည်နယ်တရားလွှတ်တော်၏ စီရင်ပိုင်ခွင့်အာဏာများ | ၈ |
| | ၁.၄.၂ | ခရိုင်တရားရုံးများဖွဲ့စည်းပုံ | | ၈ |
| | | ၁.၄.၂.၁ | ခရိုင်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင်ပိုင်ခွင့် အာဏာများ | ၉ |
| | | ၁.၄.၂.၂ | ခရိုင်တရားရုံးရှိ တရားသူကြီးများ၏ တရားမစီရင်ပိုင်ခွင့် အာဏာများ | ၉ |
| | ၁.၄.၃ | မြို့နယ်တရားရုံးများဖွဲ့စည်းပုံ | | ၁၀ |
| | | ၁.၄.၃.၁ | မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင် ပိုင်ခွင့်အာဏာများ | ၁၀ |
| | | ၁.၄.၃.၂ | မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ တရားမစီရင် ပိုင်ခွင့်အာဏာများ | ၁၀ |
| | ၁.၄.၄ | ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများ | | ၁၁ |
| | | ၁.၄.၄.၁ | ကလေးသူငယ်တရားရုံးများ | ၁၁ |
| | | ၁.၄.၄.၂ | စည်ပင်သာယာတရားရုံးနှင့် မော်တော်ယာဉ်တရားရုံးများ | ၁၁ |
| | | ၁.၄.၄.၃ | မူပိုင်ခွင့်တရားရုံးများ | ၁၁ |

| | | | |
|---|---|---|---|
| ၁.၅ | **တရားရုံးစီမံခန့်ခွဲမှု** | | **၁၂** |
| ၁.၅.၁ | **ပြည်နယ်တရားလွှတ်တော်၏ စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီများ** | | **၁၂** |
| ၁.၅.၂ | **ကယားပြည်နယ်တရားလွှတ်တော်၏ ဖွဲ့စည်းပုံ** | | **၁၃** |
| ၁.၅.၂.၁ | ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားရေး အရာရှိများ | | **၁၃** |
| ၁.၅.၂.၂ | ပြည်နယ်တရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော ပြည်နယ်တရားရေးဦးစီးမှူးများ | | **၁၃** |
| ၁.၅.၂.၃ | ပြည်နယ်တရားသူကြီးချုပ်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော ရုံးအဖွဲ့မှူးများ/ ဦးစီးအရာရှိများ | | **၁၄** |
| ၁.၅.၂.၄ | ပြည်နယ်တရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားရေးအရာရှိများ | | **၁၄** |
| ၁.၅.၂.၅ | လွိုင်ကော်ခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ | | **၁၄** |
| ၁.၅.၂.၆ | ဘောလခဲခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ | | **၁၅** |
| ၁.၅.၂.၇ | ဒီးမော့ဆိုခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ | | **၁၅** |
| ၁.၅.၂.၈ | မယ်စဲ့ခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ | | **၁၅** |
| ၁.၅.၂.၉ | လွိုင်ကော်မြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ | | **၁၆** |
| ၁.၅.၂.၁၀ | ဒီးမော့ဆိုမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ | | **၁၆** |
| ၁.၅.၂.၁၁ | ဖရူဆိုမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ | | **၁၆** |
| ၁.၅.၂.၁၂ | ရှားတောမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ | | **၁၇** |
| ၁.၅.၂.၁၃ | ဘောလခဲမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ | | **၁၇** |
| ၁.၅.၂.၁၄ | ဖားဆောင်းမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ | | **၁၇** |

၁.၅.၂.၁၅ မယ်စဲ့မြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ ၁၈
**၁.၆ ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု** ၁၈

# အပိုင်း (၂)

## ၂၀၂၄ ခုနှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်၏ ကြိုးပမ်းဆောင်ရွက်မှုများ

၁၉
**၂.၁ သီးသန့်တရားရုံးများဖြင့် စစ်ဆေးစီရင်ခြင်း** ၂၁
**၂.၂ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဆောင်ရွက်မှု** ၂၁
**၂.၂.၁ ကယားပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာန ဖွဲ့စည်းပုံ** ၂၁
၂.၂.၁.၁ စေ့စပ်ဖြေရှင်းရေးဌာနတွင် တာဝန်ထမ်းဆောင်မှုအခြေအနေ ၂၂
၂.၂.၁.၂ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် အမှုများ ၂၂
၂.၂.၁.၃ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ ၂၃
၂.၂.၁.၄ စေ့စပ်ဖြေရှင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ ၂၃
၂.၂.၁.၅ အထူးကိစ္စရပ်အနေဖြင့် ဘဏ်အပေါင်မှုများအား စေ့စပ် ၂၃
ဖြေရှင်းရေးဌာနသို့ လွှဲအပ်ပေးပို့ ဆောင်ရွက်ခြင်း ၂၃
၂.၂.၁.၆ အများပြည်သူ အသိပညာပေးအစီအစဉ်ဆိုင်ရာ ဆောင်ရွက် ၂၃
ချက်များ ၂၄
၂.၂.၁.၇ လေ့ကျင့်သင်တန်းရေးရာကိစ္စရပ်များ ၂၄
၂.၂.၁.၈ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ဆွေးနွေးပွဲများ ကျင်းပခြင်း ၂၄
၂.၂.၁.၉ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် ၂၄
**၂.၃ မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပခြင်း** ၂၅
**၂.၄ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း** ၂၅
**၂.၄.၁ လူ့စွမ်းအား အရင်းအမြစ်များ** ၂၅
**၂.၄.၂ လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု** ၂၅
**၂.၄.၃ အခြားကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း** ၂၆
**၂.၅ တရားရုံးလုပ်ငန်းနှင့် တရားစီရင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း** ၂၆
**၂.၅.၁ ဝန်ထမ်းရေးရာကိစ္စရပ်များ** ၂၇
**၂.၅.၂ အခြားရုံးများသို့ ပြောင်းရွှေ့ခြင်း၊ ပူးတွဲတာဝန်ထမ်းဆောင်ခြင်း** ၂၇
**၂.၅.၃ ရွှေ့နေရွှေ့ရပ်ဆိုင်ရာကိစ္စရပ်များ** ၂၇

| | | | |
|---|---|---|---|
| | ၂.၅.၄ | ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာ အခွင့်အရေးများရရှိရေး ဆောင်ရွက်ခြင်း | ၂၇ |
| | ၂.၅.၅ | ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ၂၀၂၄ ခုနှစ်အတွင်း ပြည်နယ်အတွင်းရှိ တရားရုံးများအား ရှောင်တခင် စစ်ဆေးကြည့်ရှုနိုင်မှုအခြေအနေ | ၂၈ |
| | ၂.၅.၆ | ခရိုင်တရားရုံးများက လက်အောက်တရားရုံးများ စစ်ဆေးမှုအခြေအနေ | ၂၉ |
| | ၂.၅.၇ | ရုံးခွန်နှင့် ဒဏ်ငွေကောက်ခံခြင်း | ၃၀ |
| | | ၂.၅.၇.၁ ရုံးခွန် | ၃၀ |
| | | ၂.၅.၇.၂ ဒဏ်ငွေ | ၃၀ |
| ၂.၆ | | တရားစီရင်ရေးဆိုင်ရာ အသိပညာပေးရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် ဆောင်ရွက်ချက်များ | ၃၀ |
| | ၂.၆.၁ | တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ဝေခြင်း | ၃၁ |
| ၂.၇ | | အစည်းအဝေးများ၊ ဆွေးနွေးပွဲများကို Virtual Online ဖြင့် ဆောင်ရွက်နိုင်မှုအခြေအနေ | ၃၁ |


## အပိုင်း (၃)

## တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများ ၃၃


| | | | |
|---|---|---|---|
| ၂၀၂၄ ခုနှစ် မှုခင်းစစ်ဆေးစီရင်မှုတွင် တွေ့ရှိချက်များ | | | ၃၅ |
| ၃.၁ | | မှုခင်းများစစ်ဆေးစီရင်ခြင်း | ၃၅ |
| | ၃.၁.၁ | ကယားပြည်နယ်အတွင်းရှိ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် တရားရုံးများ | ၃၅ |
| ၃.၂ | | ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း | ၃၆ |
| | ၃.၂.၁ | ကယားပြည်နယ်တရားလွှတ်တော်၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း | ၃၆ |
| | ၃.၂.၂ | ခရိုင်တရားရုံးများ | ၃၇ |
| | ၃.၂.၃ | မြို့နယ်တရားရုံးများ | ၃၈ |
| ၃.၃ | | ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်း | ၃၉ |
| | ၃.၃.၁ | ကယားပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီး အမှုများသက်တမ်း | ၃၉ |
| | ၃.၃.၂ | ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး အမှုများသက်တမ်း | ၄၁ |
| | ၃.၃.၃ | မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး အမှုများသက်တမ်း | ၄၂ |
| ၃.၄ | | မှုခင်းစီမံခန့်ခွဲမှု တရားရုံးများ၏ စစ်ဆေးဆဲအမှုများ၏ သက်တမ်း | ၄၄ |
| | ၃.၄.၁ | ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲအမှုများ သက်တမ်း | ၄၄ |
| | ၃.၄.၂ | မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများ သက်တမ်း | ၄၆ |

၃.၅ အမှုရုံးချိန်း သေချာစေမှု ၄၇
၃.၅.၁ ခရိုင်တရားရုံးများ၏ အမှုရွှေ့ဆိုင်းနှုန်း ၄၈
၃.၅.၂ မြို့နယ်တရားရုံးများ၏ အမှုရွှေ့ဆိုင်းနှုန်း ၄၉
၃.၆ အမှုအလိုက် အမှုကြားနာရန်ချိန်းဆိုသော ပျမ်းမျှရုံးချိန်းအရေအတွက် ၅၀
၃.၆.၁ ပျမ်းမျှရုံးချိန်း ၅၀
၃.၆.၂ ခရိုင်တရားရုံးများ၏ ပျမ်းမျှရုံးချိန်းအရေအတွက် ၅၀
၃.၆.၃ မြို့နယ်တရားရုံးများ၏ ပျမ်းမျှရုံးချိန်းအရေအတွက် ၅၁
၃.၇ စံသတ်မှတ်ကာလအတွင်း အမှုပြီးပြတ်နှုန်း ၅၂
၃.၈ မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ တရားရုံးအသုံးပြုသူများ ကျေနပ်မှု ၅၃
၃.၉ အယူခံတက်ရောက်မှုနှုန်း ၅၃
၃.၉.၁ မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း ၅၃
၃.၉.၂ ခရိုင်တရားရုံးများမှ ကယားပြည်နယ်တရားလွှတ်တော်သို့ အယူခံတက်ရောက်မှုနှုန်း ၅၄
၃.၁၀ မှုခင်းပမာဏနှင့် တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု ၅၄
၃.၁၁ အရေးကြီးရာဇဝတ်မှု အမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း ၅၅


## အပိုင်း (၄)


ဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅)တွင် ဆောင်ရွက်ရန် လျာထားချက်များ ၅၇
၄.၁ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှု ၅၉
၄.၂ ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ၏ အောင်မြင်မှုများ ၅၉
၄.၃ ၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်ရန် လျာထားချက်များ ၆၀


## အပိုင်း (၅)


ကယားပြည်နယ်တရားလွှတ်တော်၏ အထွေထွေဆောင်ရွက်မှုများ ၆၁
၅.၁ ဝန်ထမ်းများအား ထောက်ပံ့ငွေ၊ အဝတ်အထည်များ ပေးအပ်ခြင်း ၆၃
၅.၂ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် တက်ရောက်ဖြေဆိုမည့် အမှုထမ်းများအား ထောက်ပံ့ငွေပေးအပ်ခြင်း ၆၄

| | | |
|---|---|---|
| ၅.၃ | ဘောလခဲမြို့တွင် တာဝန်ထမ်းဆောင်သည့် အမှုထမ်းများအား ထောက်ပံ့ငွေ ပေးအပ်ခြင်း | ၆၄ |
| ၅.၄ | ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း | ၆၅ |
| ၅.၅ | ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း | ၆၅ |
| ၅.၆ | နှစ်သစ်ကူးကြိုဆိုပွဲ အထိမ်းအမှတ်ပြုလုပ်ခြင်း | ၆၆ |


# နောက်ဆက်တွဲများ


| | |
|---|---|
| ကယားပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံး များ၏ တည်နေရာများ | နောက်ဆက်တွဲ (က) |
| သီးသန့်တရားရုံးဖြင့် ရုံးထိုင်စစ်ဆေးမှု အခြေအနေ | နောက်ဆက်တွဲ (ခ) |
| ပြည်နယ်တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်ရှိ တရားရေးအရာရှိများ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ရာထူးအလိုက် အင်အားစာရင်း | နောက်ဆက်တွဲ (ဂ) |
| ကယားပြည်နယ်တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့် အလိုက် ပြုန်းတီးဝန်ထမ်းအင်အားစာရင်း | နောက်ဆက်တွဲ (ဃ) |
| ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်အရေးယူမှု အခြေအနေ | နောက်ဆက်တွဲ (င) |
| ဝန်ထမ်းများ ပြောင်းရွှေ့နေရာချထားမှု အခြေအနေ | နောက်ဆက်တွဲ (စ) |
| ကယားပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံး များ၏ Web Mail လိပ်စာများ | နောက်ဆက်တွဲ (ဆ) |

# ကယားပြည်နယ်တရားလွှတ်တော်

# တရားသူကြီးချုပ်၏ ဥယျောဇဉ်

## ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၏ ဥယျောဇဉ်



၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သော ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၃(က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်သော အခြားတရားရုံးများကို ဖွဲ့စည်းတည်ထောင်ခဲ့ပေသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် မဟာဗျူဟာစီမံကိန်းများချမှတ် အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ (၃) နှစ်တာ မဟာဗျူဟာစီမံကိန်းအား **“တရားမျှတရေး အတူတကွမြှင့်တင်ပေး”** ဟူသောဆောင်ပုဒ်ဖြင့် လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ (၅) နှစ်တာ မဟာဗျူဟာစီမံကိန်းအား **"အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့"** ဟူသော ဆောင်ပုဒ်ဖြင့် လည်းကောင်း၊ ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ (၅) နှစ်တာ မဟာဗျူဟာစီမံကိန်းအား **"တရားမျှတမှုရရှိစေရေး အားလုံးပါဝင်ဆောင်ရွက်ပေး”** ဟူသောဆောင်ပုဒ်ဖြင့် လည်းကောင်း လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တရားစီရင်ရေး၏ မဟာဗျူဟာစီမံကိန်း လုပ်ငန်းနယ်ပယ် ၂.၁.၃ ဖြစ်သည့် အများပြည်သူဆိုင်ရာ သတင်းအချက်အလက်အစီအစဉ် တိုးချဲ့ဆောင်ရွက်ခြင်းအစီအစဉ်အရ တရားလွှတ်တော်များအလိုက် တရားရုံးနှစ်စဉ်အစီရင်ခံစာကို ထုတ်ဝေရန် ဦးစားပေးအဆင့်အဖြစ် သတ်မှတ်၍ ကယား

ပြည်နယ်တရားလွှတ်တော်အနေဖြင့် ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို အဌမအကြိမ်မြောက် ရေးဆွဲထုတ်ပြန်လိုက်ခြင်းဖြစ်ပါသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် မကြုံစဖူးသော နယ်မြေမတည်ငြိမ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည့် အခြေအနေအရပ်ရပ်တွင် ကယားပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲနိုင်မှု၊ မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အစရှိသော အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ဖြင့် မိမိတို့ဒေသတွင်း အခြေအနေများ ပြန်လည်တည်ငြိမ်မှုရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်နည်းတူ ကယားပြည်နယ်၏ တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်နေကြသည့် တရားသူကြီးများ၊ တရားစီရင်ရေးဆိုင်ရာစီမံခန့်ခွဲရေးတာဝန်ကို ထမ်းဆောင်နေကြသည့် တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများမှလည်း အခက်အခဲများစွာရှိနေကြသည့်တိုင်အောင် အပင်ပန်းဆင်းရဲခံကာ တာဝန်လစ်ဟင်းခြင်းမရှိစေရန် ထမ်းဆောင်ကြခြင်းဖြင့် တရားစီရင်ရေးကဏ္ဍကို ဆောင်ရွက်နိုင်ခဲ့သဖြင့် တရားရုံးအသီးသီးရှိ အဆင့်ဆင့်သော တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများအတွက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ထည့်သွင်းမှတ်တမ်းတင်အပ်ပါသည်။

ယခင်က ကယားပြည်နယ်တရားလွှတ်တော်၏လက်အောက်တွင် လွိုင်ကော်ခရိုင်တရားရုံးနှင့် ဘောလခဲခရိုင်တရားရုံးဟူ၍ ခရိုင်တရားရုံး(၂)ရုံး ဖွဲ့စည်းတည်ရှိခဲ့သော်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၂ခုနှစ် ဩဂုတ်လ(၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၆၀/၂၀၂၂) အရ ဒီးမော့ဆိုခရိုင်တရားရုံးနှင့် မယ်စဲ့ခရိုင်တရားရုံးဟူ၍ ခရိုင်တရားရုံးသစ်များ တိုးချဲ့ဖွဲ့စည်းခဲ့ပြီးနောက် တရားစီရင်ရေးလုပ်ငန်းများကို ကျေပွန်စွာ ဆောင်ရွက်လျက်ရှိပေသည်။

ဤနှစ်စဉ်အစီရင်ခံစာတွင် ကယားပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံး (၄) ရုံးနှင့် မြို့နယ်တရားရုံး (၇)ရုံးတို့က ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် တရားရုံးစနစ်နှင့်စီမံခန့်ခွဲမှု၊ တရားသူကြီးများ၏ စီရင်ပိုင်ခွင့်အာဏာ၊ ရသုံးမှန်းခြေငွေစာရင်းနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဒဏ်ငွေကောက်ခံရရှိမှု၊ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း၊ ဆုံးဖြတ်ပြီးအမှုများသက်တမ်း၊ အယူခံတက်ရောက်မှု အခြေအနေ၊ အရေးကြီးရာဇဝတ်မှုများအခြေအနေ၊ တရားစီရင်ရေး၏ မဟာဗျူဟာစီမံကိန်းအရ လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်နိုင်မှု အခြေအနေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်ထားသည့် နည်းပညာသုံး ဗီဒီယိုကွန်ဖရင့်စနစ် အသုံးပြု၍ သက်သေများကို စစ်ဆေးနိုင်မှု အခြေအနေတို့ကို အသေးစိတ်ဖော်ပြထားသဖြင့် ပြည်သူများ ဤနှစ်စဉ်အစီရင်ခံစာကို ဖတ်ရှုခြင်းအားဖြင့် မိမိတို့ ကယားပြည်နယ်၏ တရားစီရင်ရေး၊ တရားရုံးစီမံခန့်ခွဲရေးကဏ္ဍများကို ထဲထဲဝင်ဝင်သိရှိနိုင်ပြီး မိမိတို့ ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တရားသူကြီးများနှင့် တရားရေးအရာရှိများ၊ ဝန်ထမ်း

များ၏ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေမှုများကို မလွဲမသွေမြင်တွေ့ရမည် ဖြစ်ပေသည်။

အထူးသဖြင့် ၂၀၂၄ ခုနှစ်သည် ကယားပြည်နယ်အနေဖြင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းဆောင်ရွက်နေရသည့် အချိန်ကာလ ဖြစ်သည့်အပြင် တရားစီရင်ရေးကဏ္ဍတွင်လည်း မကြုံစဖူးသော စိန်ခေါ်မှုများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော နှစ်တစ်နှစ်ဟု ဆိုရမည်ဖြစ်သည်။ ဤကဲ့သို့သော အခြေအနေတွင် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုရရှိရန်နှင့် ထိရောက်သည့် တရားဥပဒေစိုးမိုးရေးကို တိုးမြှင့်ရရှိနိုင်ရန်အတွက် ပြည်သူများက တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသည့် တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ အားလုံးနှင့် အတူတကွ ပူးပေါင်း ကြိုးပမ်းကြပါစေကြောင်း တိုက်တွန်းလိုက်ရပေသည်။

ဤနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် ကယားပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရေးဝန်ထမ်းများအားလုံးကို အထူးပင် ကျေးဇူးတင် အသိအမှတ်ပြုအပ်ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြု ဖော်ပြအပ်ပါသည်။



**ဦးထွန်းထွန်းဦး**

**တရားသူကြီးချုပ်** **၂၀၂၅ ခုနှစ်၊ ဧပြီ လ ရက်နေ့**

**ကယားပြည်နယ်တရားလွှတ်တော်** **လွိုင်ကော်မြို့**

## မြန်မာ့တရားစီရင်ရေး၏ ရည်မှန်းချက် ၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများ

### ရည်မှန်းချက်

- လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကိုမြှင့်တင်ရန်

### လုပ်ငန်းတာဝန်များ

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

### တန်ဖိုးများ

- သာတူညီမျှမှုနှင့် တရားမျှတမှု
- တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
- လက်လှမ်းမီနိုင်မှု
- မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု

### တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်

- တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်
- တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်
- တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်
- တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်

# အပိုင်း (၁)

# တရားရုံးစီမံခန့်ခွဲမှု

## အပိုင်း (၁)

## တရားရုံးစီမံခန့်ခွဲမှု

### ၁.၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အချုပ်အခြာအာဏာ (၃) ရပ်

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄ အရ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌ တည်သည်။ ယင်းဥပဒေ ပုဒ်မ ၁၁(က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အချုပ်အခြာအာဏာကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာဟူ၍ ပိုင်းခြားကျင့်သုံးပါသည်။

### ၁.၂ တရားစီရင်ရေးဆိုင်ရာအခြေခံမူများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၁၉ တွင် တရားစီရင်ရေးဆိုင်ရာအခြေခံမူများအဖြစ် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည် -

- ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး
- ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး
- အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး

၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ တရားစီရင်ရေးဆိုင်ရာမူများကို အခန်း (၂)၊ ပုဒ်မ ၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည် -

- ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး
- ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး
- အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး
- ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး
- ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသောအလေ့အကျင့် ပျိုးထောင်ပေးရေး
- ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး
- ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး

## ၁.၃ တရားရုံးများဖွဲ့စည်းပုံ

တရားစီရင်ရေးသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ သုံးရပ်အနက် တစ်ခုဖြစ်ပြီး ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့မှ သီးခြားရပ်တည်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၈ အရ နိုင်ငံတော်၏ တရားစီရင်ရေး အာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၊ အဆင့်ဆင့်သောတရားရုံးများသို့ ခွဲဝေအပ်နှင်းထားပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့အရ တရားရုံးအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်
( ခ ) တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ
( ဂ ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများ
(ဃ) မြို့နယ်တရားရုံးများ
( င ) ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများ

### ၁.၃.၁ ကယားပြည်နယ်တရားလွှတ်တော်နှင့် လက်အောက်ခံတရားရုံးများ

- ကယားပြည်နယ်တရားလွှတ်တော်



  - လွိုင်ကော်ခရိုင်တရားရုံး



    - လွိုင်ကော်မြို့နယ်တရားရုံး



    - ရှားတောမြို့နယ်တရားရုံး



  - ဘောလခဲခရိုင်တရားရုံး



    - ဘောလခဲမြို့နယ်တရားရုံး



    - ဖားဆောင်းမြို့နယ်တရားရုံး



  - ဒီးမော့ဆိုခရိုင်တရားရုံး



    - ဒီးမော့ဆိုမြို့နယ်တရားရုံး



    - ဖရူဆိုမြို့နယ်တရားရုံး



  - မယ်စဲ့ခရိုင်တရားရုံး



    - မယ်စဲ့မြို့နယ်တရားရုံး



## ၁.၄ ကယားပြည်နယ်တရားလွှတ်တော်ဖွဲ့စည်းပုံ

ကယားပြည်နယ်တရားလွှတ်တော်သည် ကယားပြည်နယ်၏ မြို့တော် လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်တွင် တည်ရှိပြီး အရှေ့ဘက်တွင် သမိန်ထောလမ်း၊ အနောက်ဘက်တွင် ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ တောင်ဘက်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြောက်ဘက်တွင် လွိုင်ကော်-ရှားတောသွားကားလမ်းတို့ ရှိပါသည်။ အကျယ်အဝန်းမှာ (၈၉၁၁၂) စတုရန်းပေရှိပြီး ဧရိယာအားဖြင့် (၂.၇၁၃) ဧက ကျယ်ဝန်းပါသည်။ ကယားပြည်နယ်တရားလွှတ်တော်ကို ၂၀၁၁ ခုနှစ်၊ မတ် လ ၃၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ ပြည်နယ်အတွင်းရှိ ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၏ တည်နေရာများကို **နောက်ဆက်တွဲ (က)** ဖြင့် ဖော်ပြထားပါသည်။

### ၁.၄.၁ ကယားပြည်နယ်တရားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၀၈ (က)(၂) နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၄၃ တို့အရ ပြည်နယ်တရားလွှတ်တော် တစ်ရပ်စီတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများဦးရေ အနည်းဆုံး သုံးဦးမှ အများဆုံး ခုနှစ်ဦးအထိ ဖွဲ့စည်းနိုင်သည်။ ကယားပြည်နယ်တရားလွှတ်တော်ကို ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် (၁) ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ( ၂ ) ဦး၊ စုစုပေါင်း ( ၃ ) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

### ၁.၄.၁.၁ ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ



ဦးထွန်းထွန်းဦး
ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်
၁၃ - ၃ - ၂၀၂၃ မှ ယနေ့ထိ



ဒေါ်ချယ်ရီခင်
ပြည်နယ်တရားလွှတ်တော်တရားသူကြီး
၁၃ - ၃ -၂၀၂၃ မှ ယနေ့ထိ



ဒေါ်သိန်းသိန်းနှင်း
ပြည်နယ်တရားလွှတ်တော်တရားသူကြီး
၇ - ၇ -၂၀၂၃ မှ ယနေ့ထိ

### ၁.၄.၁.၂ ပြည်နယ်တရားလွှတ်တော်၏စီရင်ပိုင်ခွင့်အာဏာများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၆ အရနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၃၈ အရ တရားလွှတ်တော်များတွင် မူလမှုစီရင်ပိုင်ခွင့် အာဏာ၊ အယူခံမှု စီရင်ပိုင်ခွင့်အာဏာ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာ၊ ပင်လယ်ရေကြောင်းအမှုကို စီရင်ပိုင်ခွင့်အာဏာနှင့် ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော ကိစ္စရပ်များကို စီရင်ပိုင်ခွင့် အာဏာများ ရှိပါသည်။

တရားလွှတ်တော်များသည် ဥပဒေအရ သတ်မှတ်ထားသည့် ရာဇဝတ်မှုလမှုများကို စီရင်ပိုင်ခွင့်ရှိပြီး အမှုတန်ဖိုး ကျပ်သိန်း ၃၀၀၀ အထက်မှ တန်ဖိုးအကန့်အသတ်မရှိသည့် တရားမ မူလမှုများကို စီရင်ပိုင်ခွင့်ရှိပါသည်။

တရားလွှတ်တော်သည် မိမိစီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းရှိ လက်အောက်ခံတရားရုံးအားလုံး၏ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ရန် တာဝန်ရှိပါသည်။

### ၁.၄.၂ ခရိုင်တရားရုံးများဖွဲ့စည်းပုံ

ကယားပြည်နယ်တရားလွှတ်တော်၏ ကြီးကြပ်မှုအောက်တွင် လွိုင်ကော်ခရိုင်တရားရုံး၊ ဘောလခဲခရိုင်တရားရုံး၊ ဒီးမော့ဆိုခရိုင်တရားရုံးနှင့် မယ်စဲ့ခရိုင်တရားရုံးစသည့် ခရိုင်တရားရုံး(၄)ရုံး ရှိပါသည်။ ဖွဲ့စည်းပုံအရ ခရိုင်တရားရုံးတစ်ရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန် ပေးခန့်အပ်ထားသည့် ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီးနှင့် ဒုတိယဦးစီးတို့ ရှိပါသည်။ ၁-၁-၂၀၂၄ မှ ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ ကာလအတွင်း နယ်မြေ အခြေအနေများအရ ဒီးမော့ဆိုခရိုင်တရားရုံးနှင့် မယ်စဲ့ခရိုင်တရားရုံးတို့သည် လွိုင်ကော်မြို့တွင် ရုံးထိုင်စစ်ဆေးလျက်ရှိပါသည်။

ခရိုင်တရားရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်ရာ တရား လွှတ်တော်များ၏ လမ်းညွှန်ချက်များနှင့်အညီ ၎င်းတို့ သက်ဆိုင်ရာ စီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ် တရားရုံးများအားလုံး၏ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

### ၁.၄.၂.၁ ခရိုင်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင်ပိုင်ခွင့်အာဏာများ

| | | |
|---|---|---|
| ခရိုင်တရားသူကြီး | ဥပဒေကခွင့်ပြုထားသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည့် ရာဇဝတ် မူလမှုစီရင်ပိုင်ခွင့် | မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် |
| တွဲဖက် ခရိုင်တရားသူကြီး | ဥပဒေကခွင့်ပြုထားသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည့် ရာဇဝတ် မူလမှုစီရင်ပိုင်ခွင့် | မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် |
| ဒုတိယ ခရိုင်တရားသူကြီး | ဥပဒေကခွင့်ပြုထားသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည့် ရာဇဝတ် မူလမှုစီရင်ပိုင်ခွင့် | မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် |

### ၁.၄.၂.၂ ခရိုင်တရားရုံးရှိ တရားသူကြီးများ၏ တရားမစီရင်ပိုင်ခွင့်အာဏာများ

| | | |
|---|---|---|
| ခရိုင်တရားသူကြီး | အမှုတန်ဖိုး ကျပ်သိန်း ၃၀၀၀၀ ထက်မပိုသည့် တရားမမူလမှုများ စီရင်ပိုင်ခွင့် | မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် |
| တွဲဖက် ခရိုင်တရားသူကြီး | အမှုတန်ဖိုး ကျပ်သိန်း ၃၀၀၀၀ ထက်မပိုသည့် တရားမမူလမှုများ စီရင်ပိုင်ခွင့် | မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် |
| ဒုတိယ ခရိုင်တရားသူကြီး | အမှုတန်ဖိုး ကျပ်သိန်း ၁၅၀၀၀ ထက်မပိုသည့် တရားမမူလမှုများ စီရင်ပိုင်ခွင့် | မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် |

### ၁.၄.၃ မြို့နယ်တရားရုံးများဖွဲ့စည်းပုံ

ကယားပြည်နယ်တရားလွှတ်တော်၏ ကြီးကြပ်မှုအောက်တွင် မြို့နယ်တရားရုံး ( ၇ ) ရုံး ရှိပါသည်။ မြို့နယ်တရားရုံးများမှာ လွိုင်ကော်မြို့နယ်တရားရုံး၊ ဒီးမော့ဆိုမြို့နယ်တရားရုံး၊ ဖရူဆိုမြို့နယ်တရားရုံး၊ ရှားတောမြို့နယ်တရားရုံး၊ ဘောလခဲမြို့နယ်တရားရုံး၊ ဖားဆောင်းမြို့နယ်တရားရုံးနှင့် မယ်စဲ့မြို့နယ်တရားရုံးတို့ဖြစ်ပါသည်။ ၁-၁-၂၀၂၄ မှ ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ ကာလအတွင်း နယ်မြေဒေသအခြေအနေများအရ ဒီးမော့ဆိုမြို့နယ်တရားရုံး၊ ဖရူဆိုမြို့နယ်တရားရုံး၊ ရှားတောမြို့နယ်တရားရုံးတို့သည် လွိုင်ကော်မြို့တွင် ရုံးထိုင်စစ်ဆေးလျက်ရှိပါသည်။

#### ၁.၄.၃.၁ မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင်ပိုင်ခွင့်အာဏာများ

မြို့နယ်အဆင့်တရားသူကြီးများ

- အထူးရာဇဝတ်အာဏာ → ထောင်ဒဏ် (၇)နှစ်အထိနှင့်ငွေဒဏ် အကန့်အသတ်မရှိ
- ပထမတန်းရာဇဝတ်အာဏာ → ထောင်ဒဏ် (၃)နှစ်အထိနှင့်ငွေဒဏ် ကျပ် ၁၀၀၀၀၀ိ/- အထိ
- ဒုတိယတန်းရာဇဝတ်အာဏာ → ထောင်ဒဏ် (၁)နှစ်အထိနှင့်ငွေဒဏ် ကျပ် ၅၀၀၀၀ိ/- အထိ
- တတိယတန်းရာဇဝတ်အာဏာ → ထောင်ဒဏ် (၃)လအထိနှင့်ငွေဒဏ် ကျပ် ၃၀၀၀၀ိ/- အထိ

#### ၁.၄.၃.၂ မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ တရားမစီရင်ပိုင်ခွင့်အာဏာများ

- မြို့နယ်တရားသူကြီး/ တွဲဖက်မြို့နယ်တရားသူကြီး → ကျပ်သိန်း ၅၀၀ ထက်မပိုသော တန်ဖိုးရှိသည့် တရားမမူလမှုများ
- ဒုတိယမြို့နယ်တရားသူကြီး → ကျပ်သိန်း ၂၀၀ ထက်မပိုသော တန်ဖိုးရှိသည့် တရားမမူလမှုများ

### ၁.၄.၄ ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများ

သီးခြားမှုခင်းကိစ္စရပ်များကို ကြားနာစစ်ဆေးရန်အတွက် ဥပဒေအရ တည်ထောင်သည့် အခြားတရားရုံးများကို ယေဘုယျအားဖြင့် မြို့နယ်အဆင့်တရားရုံးနှင့်တန်းတူ တည်ထောင်ထားပါသည်။ သို့သော် မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားသည့် မူလမှုစစ်ဆေးစီရင်ပိုင်ခွင့်အာဏာကို ခရိုင်အဆင့်တရားရုံးများသို့ အပ်နှင်းထားပါသည်။ ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများတွင် အောက်ပါတို့ ပါဝင်ပါသည် -

- ကလေးသူငယ်တရားရုံးများ
- စည်ပင်သာယာတရားရုံးများ
- မော်တော်ယာဉ်တရားရုံးများ
- မူပိုင်ခွင့်တရားရုံးများ

#### ၁.၄.၄.၁ ကလေးသူငယ်တရားရုံးများ

ကယားပြည်နယ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ ကလေးသူငယ်များ ကျူးလွန်သည့် ပြစ်မှုများကို ကြားနာစစ်ဆေးစီရင်ရန် ကလေးသူငယ်တရားရုံးများ သီးခြားဖွင့်လှစ်ခြင်းမရှိသေးသဖြင့် သက်ဆိုင်ရာမြို့နယ်တရားရုံးများရှိ မြို့နယ်တရားသူကြီးအား ကလေးသူငယ်မှုခင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းဆောင်ရွက်လျက်ရှိပါသည်။

#### ၁.၄.၄.၂ စည်ပင်သာယာတရားရုံးနှင့် မော်တော်ယာဉ်တရားရုံးများ

ကယားပြည်နယ်တွင် စည်ပင်သာယာဥပဒေအရ စွဲဆိုသည့်မှုခင်းများအတွက် စည်ပင်သာယာတရားရုံးများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်သူများကို ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ကြားနာစစ်ဆေးရန် မော်တော်ယာဉ်တရားရုံးများ သီးခြားဖွင့်လှစ်ခြင်းမရှိသေးဘဲ သက်ဆိုင်ရာ မြို့နယ်တရားရုံးတွင်သာ အမှုဖွင့် ဆောင်ရွက်လျက်ရှိပါသည်။

#### ၁.၄.၄.၃ မူပိုင်ခွင့်တရားရုံးများ

ကယားပြည်နယ်တွင် မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများအတွက် သီးခြားတရားရုံးတည်ထောင်ထားခြင်းမရှိသေးသော်လည်း မူပိုင်ခွင့်ဆိုင်ရာဥပဒေအရ ရာဇဝတ်ကြောင်းဆိုင်ရာ အငြင်းပွားမှုများအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခရိုင်တရားရုံးအသီးသီးအား စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားပြီးဖြစ်သည့်အပြင် မူပိုင်ခွင့်တရားရုံးက ချမှတ်သည့် စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများနှင့် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားမှုများကို ကြားနာစစ်ဆေးစီရင်နိုင်ရန် ပြည်နယ်တရားလွှတ်တော်သို့ စီရင်ပိုင်ခွင့် အာဏာအပ်နှင်းထားပြီး ဖြစ်ပါသည်။

## ၁.၅ တရားရုံးစီမံခန့်ခွဲမှု

ပြည်ထောင်စုတရားလွှတ်တော်သည် ဌာနတွင်းလုပ်ငန်းများကို စီမံဆောင်ရွက်ရန်နှင့် လက်အောက်ခံတရားရုံးများကို ကြီးကြပ်ကွပ်ကဲရန်၊ ဘဏ္ဍာရေးကိစ္စရပ်များကို စီမံခန့်ခွဲရန် တာဝန်ရှိသည်နှင့်အညီ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများ၊ ရုံးဌာနများ ဖွဲ့စည်းထားရှိပါသည်။

### ၁.၅.၁ ပြည်ထောင်စုတရားလွှတ်တော်၏ စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီများ

ပြည်ထောင်စုတရားလွှတ်တော်တွင် စီမံခန့်ခွဲရေးလုပ်ငန်းများကို အထောက်အကူပြုသည့် ကော်မတီနှင့် အဖွဲ့များ ဖွဲ့စည်းထားရှိပါသည်။ ထိုကော်မတီနှင့် အဖွဲ့များသည် တရားစီရင်ရေးကိစ္စရပ်များနှင့် တရားရုံးစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီနှင့် အဖွဲ့များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးချုပ်က ဖွဲ့စည်းထားသည့် ကယားပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ ခရိုင်/ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ
- ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ပါဝင်သော ကယားပြည်နယ်တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာလုပ်ငန်းစဉ်များ စီမံခန့်ခွဲရေးအဖွဲ့
- ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီး(၁) ဦးဆောင်သော တရားရုံးနှစ်စဉ် အစီရင်ခံစာထုတ်ဝေရေးအဖွဲ့
- ပြည်နယ်တရားရေးဦးစီးမှူး ဦးဆောင်သော သတင်းပြန်ကြားရေးအဖွဲ့
- ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများ၏ တရားရုံးသတင်းပြန်ကြားရေးအရာရှိများ

## ၁.၅.၂ ကယားပြည်နယ်တရားလွှတ်တော်၏ ဖွဲ့စည်းပုံ




### ၁.၅.၂.၁ ကယားပြည်နယ်တွင်တာဝန်ထမ်းဆောင်ခဲ့သောတရားရေးအရာရှိများ

### ၁.၅.၂.၂ ပြည်နယ်တရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော ပြည်နယ်တရားရေး ဦးစီးမှူးများ

| စဉ် | တရားသူကြီးအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးဝင်းတင့် ( တ / ၂၄၉၃ ) | ပြည်နယ်တရားရေးဦးစီးမှူး | ၂၂ - ၉ - ၂၀၂၃ နေ့မှ ၂၄ - ၆ - ၂၀၂၄ ထိ |
| ၂။ | ဦးထွန်းထွန်းအောင် ( တ / ၂၄၇၇ ) | ပြည်နယ်တရားရေးဦးစီးမှူး | ၅ - ၈ - ၂၀၂၄ နေ့မှ ယနေ့အထိ |

### ၁.၅.၂.၃ ပြည်နယ်တရားသူကြီးချုပ်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော ရုံးအဖွဲ့မှူးများ/ တရားရေးအရာရှိများ

| စဉ် | တရားရေးအရာရှိအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဒေါ်လှလှသောင်း ( တ / ၂၆၀၉ ) | ဒုတိယညွှန်ကြားရေးမှူး ( ရုံးအဖွဲ့မှူး ) | ၁ - ၁၂ - ၂၀၂၃ နေ့မှ ၂၉ - ၇ - ၂၀၂၄ ထိ |
| ၂။ | ဦးဥက္ကာမောင် ( တ / ၂၆၆၇ ) | လက်ထောက်ညွှန်ကြားရေးမှူး | ၂၉ - ၇ - ၂၀၂၄ နေ့မှ ၃၀ - ၈ - ၂၀၂၄ ထိ |
| ၃။ | ဦးနိုင်ဝင်းစိုး ( တ / ၂၉၁၅ ) | ဒုတိယညွှန်ကြားရေးမှူး ( ရုံးအဖွဲ့မှူး ) | ၃၀ - ၈ - ၂၀၂၄ နေ့မှ ယနေ့အထိ |

### ၁.၅.၂.၄ ပြည်နယ်တရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားရေးအရာရှိများ

| စဉ် | တရားရေးအရာရှိအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဒေါ်ညေးမြာ ( တ / ၃၃၅၂ ) | လက်ထောက်ညွှန်ကြားရေးမှူး | ၂၄ - ၁၁ - ၂၀၂၂ နေ့မှ ယနေ့အထိ |
| ၂။ | ဒေါ်နန္ဒာဝင်း ( တ / ၃၉၆၃ ) | ဦးစီးအရာရှိ | ၁၆ - ၁၂ - ၂၀၂၂ နေ့မှ ယနေ့အထိ |
| ၃။ | ဒေါ်ဖြူဖြူခိုင် ( တ / ၃၉၆၉ ) | ဦးစီးအရာရှိ | ၁၆ - ၁၂ - ၂၀၂၂ နေ့မှ ယနေ့အထိ |

### ၁.၅.၂.၅ လှိုင်ကော်ခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | တရားသူကြီးအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးစိုးဝင်း ( တ / ၂၇၈၀ ) | ခရိုင်တရားသူကြီး | ၇ - ၁၂ - ၂၀၂၂ နေ့မှ ၁ - ၃ - ၂၀၂၄ နေ့ထိ |
| ၂။ | ဦးလွင်မိုးထွေး ( တ / ၂၈၂၃ ) | ဒုတိယခရိုင်တရားသူကြီး (ခရိုင်တရားသူကြီးတာဝန်) | ၁ - ၃ - ၂၀၂၄ နေ့မှ ၂၆ - ၄ - ၂၀၂၄ နေ့ထိ |
| ၃။ | ဦးဥက္ကာမောင် ( တ / ၂၆၆၇) | ဒုတိယခရိုင်တရားသူကြီး (ခရိုင်တရားသူကြီးတာဝန်) | ၂၆ - ၄ - ၂၀၂၄ နေ့မှ ယနေ့အထိ |

### ၁.၅.၂.၆ ဘောလခဲခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | တရားသူကြီးအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးမွန်မြတ်သူ (တ / ၂၉၆၀ ) | ဒုတိယခရိုင်တရားသူကြီး (ခရိုင်တရားသူကြီးတာဝန်) | ၂၅ - ၈ - ၂၀၂၃ နေ့မှ ၂၃ - ၂ - ၂၀၂၄ နေ့ထိ |
| ၂။ | ဦးစည်သူထွန်း ( တ / ၃၀၃၂ ) | ဒုတိယခရိုင်တရားသူကြီး (ခရိုင်တရားသူကြီးတာဝန်) | ၂၃ - ၂ - ၂၀၂၄ နေ့မှ ယနေ့အထိ |

### ၁.၅.၂.၇ ဒီးမော့ဆိုခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | တရားသူကြီးအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးကျော်ဇင်နိုင် ( တ / ၂၈၀၂ ) | ဒုတိယခရိုင်တရားသူကြီး (ခရိုင်တရားသူကြီးတာဝန် ) | ၁-၉-၂၀၂၂ နေ့မှ ၁၂-၁-၂၀၂၄ နေ့ထိ |
| ၂။ | ဦးလွင်မိုးထွေး ( တ / ၂၈၂၃ ) | ဒုတိယခရိုင်တရားသူကြီး (ခရိုင်တရားသူကြီးတာဝန်) | ၁၂-၁-၂၀၂၄ နေ့မှ ၂၄-၈-၂၀၂၄ နေ့ထိ |
| ၃။ | ဦးဉာဏ်လူလင်း ( တ / ၃၀၆၁ ) | ဒုတိယခရိုင်တရားသူကြီး (ခရိုင်တရားသူကြီးတာဝန်) | ၂၉-၈-၂၀၂၄ နေ့မှ ၃၁-၁-၂၀၂၅ နေ့ထိ |

### ၁.၅.၂.၈ မယ်စဲ့ခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | တရားသူကြီးအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးလွင်မိုးထွေး ( တ / ၂၈၂၃ ) | ဒုတိယခရိုင်တရားသူကြီး (ခရိုင်တရားသူကြီးတာဝန်) | ၁၆ - ၁၀ - ၂၀၂၃ နေ့မှ ၂၄ - ၈ - ၂၀၂၄ နေ့ထိ |
| ၂။ | ဦးပြည့်ဖြိုးဆွေ ( တ / ၃၀၅၉ ) | ဒုတိယခရိုင်တရားသူကြီး (ခရိုင်တရားသူကြီးတာဝန်) | ၂၉ - ၈ - ၂၀၂၄ နေ့မှ ယနေ့ထိ |

## ၁.၅.၂.၉ လှိုင်ကော်မြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | တရားသူကြီးအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးစိုင်းအောင်မြင့်ဦး ( တ / ၃၁၇၀ ) | မြို့နယ်တရားသူကြီး | ၃၁-၈-၂၀၂၁ နေ့မှ ၅-၈-၂၀၂၄ နေ့ထိ |
| ၂။ | ဦးမျိုးသူရ ( တ / ၃၆၁၉ ) | တွဲဖက်မြို့နယ်တရားသူကြီး | ၂၃-၅-၂၀၂၄ နေ့မှ ၆-၈-၂၀၂၄ နေ့ထိ |
| ၃။ | ဦးမျိုးသူရ ( တ / ၃၆၁၉ ) | မြို့နယ်တရားသူကြီး | ၆-၈-၂၀၂၄ နေ့မှ ယနေ့ထိ |

## ၁.၅.၂.၁၀ ဒီးမော့ဆိုမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | တရားသူကြီးအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးမျိုးမင်းထွန်း ( တ / ၃၇၅၆ ) | ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) | ၈-၇-၂၀၂၂ နေ့မှ ၃-၁-၂၀၂၄ နေ့ထိ |
| ၂။ | ဦးစိုင်းအောင်မြင့်ဦး ( တ / ၃၁၇၀ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၅-၁-၂၀၂၄ နေ့မှ ၅-၈-၂၀၂၄ နေ့ထိ |
| ၃။ | ဦးမျိုးသူရ ( တ / ၃၆၁၉ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၆-၈-၂၀၂၄ နေ့မှ ၃၀-၈-၂၀၂၄ နေ့ထိ |
| ၄။ | ဦးဉာဏ်လူလင်း ( တ / ၃၀၆၁ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၃၀-၈-၂၀၂၄ နေ့မှ ၃၁-၁-၂၀၂၅ နေ့ထိ |

## ၁.၅.၂.၁၁ ဖရူဆိုမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | တရားသူကြီးအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးဟိန်းစိုးထွဋ် ( တ / ၃၇၅၂ ) | ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) | ၈-၇-၂၀၂၂ နေ့မှ ၅-၁-၂၀၂၄ နေ့ထိ |
| ၂။ | ဦးစိုင်းအောင်မြင့်ဦး ( တ / ၃၁၇၀ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၅-၁-၂၀၂၄ နေ့မှ ၅-၈-၂၀၂၄ နေ့ထိ |
| ၃။ | ဦးမျိုးသူရ ( တ / ၃၆၁၉ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၆-၈-၂၀၂၄ နေ့မှ ၃၀-၈-၂၀၂၄ နေ့ထိ |
| ၄။ | ဦးဉာဏ်လူလင်း ( တ / ၃၀၆၁ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၃၀-၈-၂၀၂၄ နေ့မှ ၃၁-၁-၂၀၂၅ နေ့ထိ |

### ၁.၅.၂.၁၂ ရှားတောမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | တရားသူကြီးအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးထက်လင်းအောင် ( တ / ၃၇၆၆ ) | ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) | ၈-၇-၂၀၂၂ နေ့မှ ၃-၁-၂၀၂၄ နေ့ထိ |
| ၂။ | ဦးစိုင်းအောင်မြင့်ဦး ( တ / ၃၁၇၀ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၃-၁-၂၀၂၄ နေ့မှ ၅-၈-၂၀၂၄ နေ့ထိ |
| ၃။ | ဦးမျိုးသူရ ( တ / ၃၆၁၉ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၆-၈-၂၀၂၄ နေ့မှ ယနေ့ထိ |

### ၁.၅.၂.၁၃ ဘောလခဲမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | တရားသူကြီးအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးသီဟနိုင် ( တ / ၃၇၅၇ ) | ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) | ၂၅-၅-၂၀၂၂ နေ့မှ ၁၈-၃-၂၀၂၄ နေ့ထိ |
| ၂။ | ဦးစိုင်းအောင်မြင့်ဦး ( တ / ၃၁၇၀ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၁၉-၃-၂၀၂၄ နေ့မှ ၅-၈-၂၀၂၄ နေ့ထိ |
| ၃။ | ဦးမျိုးသူရ ( တ / ၃၆၁၉ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၆-၈-၂၀၂၄ နေ့မှ ၃၀-၈-၂၀၂၄ နေ့ထိ |
| ၄။ | ဦးစည်သူထွန်း ( တ / ၃၀၃၂ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၃၀-၈-၂၀၂၄ နေ့မှ ယနေ့ထိ |

### ၁.၅.၂.၁၄ ဖားဆောင်းမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | တရားသူကြီးအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးပြေစိုး ( တ / ၃၈၆၂ ) | ဒုတိယမြို့နယ်တရားသူကြီး ( မြို့နယ်တရားသူကြီးတာဝန် ) | ၂၀-၃-၂၀၂၃ နေ့မှ ၁-၈-၂၀၂၄ နေ့အထိ |
| ၂။ | ဦးမျိုးသူရ ( တ / ၃၆၁၉ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၆-၈-၂၀၂၄ နေ့မှ ၃၀-၈-၂၀၂၄ နေ့ထိ |
| ၃။ | ဦးစည်သူထွန်း ( တ / ၃၀၃၂ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၃၀-၈-၂၀၂၄ နေ့မှ ယနေ့ထိ |

### ၁.၅.၂.၁၅ မယ်စဲ့မြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | တရားသူကြီးအမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးဇေယျာဟိန်း ( တ / ၃၈၇၂ ) | ဒုတိယမြို့နယ်တရားသူကြီး ( မြို့နယ်တရားသူကြီးတာဝန် ) | ၂၀-၃-၂၀၂၃ နေ့မှ ၁၃-၂-၂၀၂၄ နေ့အထိ |
| ၂။ | ဦးစိုင်းအောင်မြင့်ဦး ( တ / ၃၁၇၀ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၃-၁-၂၀၂၄ နေ့မှ ၅-၈-၂၀၂၄ နေ့ထိ |
| ၃။ | ဦးမျိုးသူရ ( တ / ၃၆၁၉ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၆-၈-၂၀၂၄ နေ့မှ ၃၀-၈-၂၀၂၄ နေ့ထိ |
| ၄။ | ဦးပြည့်ဖြိုးဆွေ ( တ / ၃၀၅၉ ) | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၃၀-၈-၂၀၂၄ နေ့မှ ယနေ့ထိ |

## ၁.၆ ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ၏အဆောင်အယောင်ဥပဒေအရ အသုံးစရိတ်များကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲလျက်ရှိပြီး ပြည်နယ်တရားရေးဦးစီးမှူးရုံး အရာထမ်း၊ အမှုထမ်းများ၏ အသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲလျက်ရှိပါသည်။

ကယားပြည်နယ်တရားလွှတ်တော်သို့ ကယားပြည်နယ်အစိုးရအဖွဲ့က ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ် (၅၆၆၈၅၀၀၀)ကျပ်ကို ခွဲဝေချထားပေးပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ပြည်နယ်တရားရေးဦးစီးမှူးရုံးနှင့် ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားရုံးများအတွက် ၂၀၂၄ - ၂၀၂၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ် (၂၁၅၄၂၀၀၁၅)ကျပ် ခွဲဝေချထားပေးခဲ့ပါသည်။ ၂၀၂၄ - ၂၀၂၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် ကယားပြည်နယ်တရားလွှတ်တော်တွင် ငွေလုံးငွေရင်း အသုံးစရိတ် မရှိပါ။ အသုံးစရိတ်များကို ကယားပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးက တာဝန်ခံကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။

# အပိုင်း (၂)

# ၂၀၂၄ခုနှစ်အတွင်း

# ကယားပြည်နယ်တရားလွှတ်တော်၏

# ကြိုးပမ်းဆောင်ရွက်မှုများ

## အပိုင်း (၂)

## ၂၀၂၄ ခုနှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်၏ ကြိုးပမ်းဆောင်ရွက်မှုများ

### ၂.၁ သီးသန့်တရားရုံးများဖြင့် စစ်ဆေးစီရင်ခြင်း

နိုင်ငံတော်တွင် အရေးပေါ်အခြေအနေကြေညာပြီးနောက်ပိုင်း တရားရုံးအသီးသီးသို့ စွဲဆိုတင်ပို့လာသည့် မှုခင်းများနှင့်စပ်လျဉ်း၍ လုံခြုံရေးအခြေအနေအရ ရုံးရှေ့တင်ပို့ရန် အခက်အခဲရှိသော အချုပ်တရားခံပါ ရာဇဝတ်မှုများအတွက် တရားစီရင်ရေးအဆင်ပြေ ချောမွေ့စေရန်လည်းကောင်း၊ အမှုများကြန့်ကြာမှုမရှိစေရန် လည်းကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သီးသန့်တရားရုံးများ ဖွဲ့စည်း၍ စစ်ဆေးစီရင်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ဘောလခဲခရိုင်တရားရုံးရှိ ရာဇဝတ်ကြီးမှု(၁)မှုနှင့် ရာဇဝတ်အထွေထွေမှု(၁)မှုတို့အား သီးသန့်တရားရုံးဖြင့် စစ်ဆေးခဲ့ပြီး စစ်ဆေးပြီးပြတ်မှုမှာ ရာဇဝတ်အထွေထွေမှု(၁)မှု ပြီးပြတ်ခဲ့ပါသည်။

သီးသန့်တရားရုံးဖြင့် ရုံးထိုင်စစ်ဆေးမှု အခြေအနေများကို **နောက်ဆက်တွဲ(ခ)**ဖြင့် ဖော်ပြပါသည်။

### ၂.၂ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဆောင်ရွက်မှု

ကယားပြည်နယ်တရားလွှတ်တော်၊ စေ့စပ်ဖြေရှင်းရေးဌာနကို ၂၀၂၂ ခုနှစ်၊ ဩဂုတ် လ ၁ ရက်နေ့မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကယားပြည်နယ်အတွင်းရှိ တရားရုံးများမှ ပေးပို့လာသောတရားမမှုများကို တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးလက်စွဲ၊ စေ့စပ်ဖြေရှင်းခြင်းဆိုင်ရာ ညွှန်ကြားချက်များအား စေ့စေပ်ဖြေရှင်းရေးအရာရှိများက စေ့စပ်ဖြေရှင်းရေးအရာရှိများအတွက် ထုတ်ပြန်ထားသည့် ကျင့်ဝတ်ဆိုင်ရာတန်ဖိုးများကို လမ်းညွှန်အဖြစ် အသုံးပြု၍ ကြိုးစားဆောင်ရွက်လျက်ရှိသည်။

#### ၂.၂.၁ ကယားပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနဖွဲ့စည်းပုံ

၂၀၂၄ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်လူလင်း (တ/၃၀၆၁) အား စေ့စပ်ဖြေရှင်းရေးအရာရှိအဖြစ် တာဝန်ပေးခန့်အပ်ခဲ့ပါသည်။ စေ့စပ်ဖြေရှင်းရေးဌာနသည် ကယားပြည်နယ်တရားလွှတ်တော် (၂) ထပ် အဆောက်အဦ၏ ပထမထပ်တွင် တည်ရှိပါသည်။ စေ့စပ်ဖြေရှင်းရေးဌာနကို ရုံးခန်း ( ၃ ) ခန်းဖြင့် ဖွဲ့စည်းထားပြီး တာဝန်ခံရုံးခန်းနှင့် စေ့စပ်ဖြေရှင်းဌာန ရုံးခန်းတစ်ခန်း၊ စေ့စပ်ဖြေရှင်းရေးရုံးခန်း (၁) ခန်းနှင့် စေ့စပ်ဖြေရှင်းရန် လာရောက်သူတို့ စောင့်ဆိုင်းသည့် ရုံးခန်း (၁) ခန်းတို့ပါဝင်ပါသည်။

## စေ့စပ်ဖြေရှင်းရေးဌာန ရုံးခန်းများ ပြင်ဆင်ထားရှိပုံ



### ၂.၂.၁.၁ စေ့စပ်ဖြေရှင်းရေးဌာနတွင် တာဝန်ထမ်းဆောင်မှုအခြေအနေ

ကယားပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနတွင် စေ့စပ်ဖြေရှင်းရေးအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး (၁) ဦး၊ ဦးစီးအရာရှိ (၁) ဦး၊ အငယ်တန်းစာရေး (၁) ဦးတို့ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

### ၂.၂.၁.၂ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန်အမှုများ

တရားရုံးသို့ စတင်စွဲဆိုလာသော တရားမမှုများအနက် မိသားစုဆိုင်ရာ အငြင်းပွားမှုများ၊ ငွေကြေးဆိုင်ရာအငြင်းပွားမှုများ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအငြင်းပွားမှုများကို အမှုမစစ်ဆေးမီ အဆင့်တွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် သတ်မှတ်ထားသည်။ အဆိုပါ အမှုအမျိုးအစားတွင် မပါဝင်သော်လည်း အမှုသည်တို့က ၎င်းတို့၏သဘောဆန္ဒအလျောက် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်လိုကြောင်း တရားရုံးတွင် တင်ပြသည့်အခါ အမှုစစ်တရားသူကြီးသည် ယင်းအမှုအား သတ်မှတ်ချက်နှင့်အညီ စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲပြောင်းပေးအပ်၍ စေ့စပ်ဖြေရှင်း ဆောင်ရွက်နိုင်သည်။

### ၂.၂.၁.၃ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ

တရားမမှုများကို စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ခြင်းအားဖြင့် အမှုသည်များနှင့် တရားရုံးတို့သည် စေ့စပ်ဖြေရှင်းရေး အောင်မြင်သည့်အခါ အမှုသည်များအနေဖြင့် ၎င်းတို့၏ အငြင်းပွားမှုကို အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ဖြေရှင်းပြီးစီးနိုင်ပါသည်။

### ၂.၂.၁.၄ စေ့စပ်ဖြေရှင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ

အစီရင်ခံသည့်ကာလအတွင်း ကယားပြည်နယ်တွင် နယ်မြေလုံခြုံရေးအခြေအနေအရ တရားမမှုများ စွဲဆိုမှု အလွန်နည်းပါးသဖြင့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် စေ့စပ်ဖြေရှင်းရေးဌာနသို့ စေ့စပ်ဖြေရှင်းရန်အမှုများအား ပေးပို့ခဲ့ရခြင်း မရှိပါ။

### ၂.၂.၁.၅ အထူးကိစ္စရပ်အနေဖြင့် ဘဏ်အပေါင်မှုများအား စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲအပ်ပေးပို့ ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဘဏ်အပေါင်မှုများအား အမြန်ပြီးပြတ်စေရန်နှင့် အပေါင်ချေးငွေများ ပြန်လည်ရရှိစေရေးအတွက် ၂၈-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၁၆/ ၁၅၉/ ပတခ(၁၆၈၂/၂၀၂၄) ဖြင့် စစ်ဆေးဆဲဘဏ်အပေါင်မှုများအား စေ့စပ်ဖြေရှင်းလိုကြောင်း ပဏာမဒီကရီမချမှတ်မီ သက်ဆိုင်ရာတရားရုံးသို့ နှစ်ဖက်တင်ပြလျှောက်ထားလာပါက အထူးကိစ္စရပ်အနေဖြင့် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ပေးနိုင်ရန် စေ့စပ်ဖြေရှင်းရေးဌာနသို့ အမှုများကို လွှဲအပ်ပေးပို့ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသည်။

### ၂.၂.၁.၆ အများပြည်သူ အသိပညာပေးအစီအစဉ်ဆိုင်ရာ ဆောင်ရွက်ချက်များ

ကယားပြည်နယ်တရားလွှတ်တော်၌ စေ့စပ်ဖြေရှင်းရေး လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း အများပြည်သူတို့သိရှိနိုင်စေရန် ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများတွင် ဗီနိုင်းကြော်ငြာစာများကပ်၍ အသိပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ကယားပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံး အသီးသီးတို့တွင် စေ့စပ်ဖြေရှင်းရေးလက်ကမ်းစာစောင်များ (မြန်မာနှင့် ကယားဘာသာစကားများဖြင့်) ဖြန့်ဝေခြင်း၊ တရားရုံးသို့ လာရောက်သူများမှ သိလိုသည်များ မေးမြန်းသည်ကို ရှင်းလင်းပြောပြခြင်းများ ဆောင်ရွက်ခဲ့ပါသည်။





### ၂.၂.၁.၇ လေ့ကျင့်သင်တန်းရေးရာကိစ္စရပ်များ

(၁၅-၆-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာနမှ တာဝန်ရှိ သူများနှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်အတွင်းရှိ တရားရေးအရာရှိများ၊ တရားသူကြီးများနှင့် စေ့စပ်ဖြေရှင်းရေးအရာရှိများအတွက် စေ့စပ်ဖြေရှင်းရေးဆိုင်ရာလုပ်ငန်း ကျွမ်းကျင်မှုသင်တန်းသို့ ကယားပြည်နယ်တရားလွှတ်တော်မှ စေ့စပ်ဖြေရှင်းရေးအရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးညဏ်လူလင်း(တ/၃၀၆၁) မှတက်ရောက်ခဲ့ပြီး (၂၁-၁၂-၂၀၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃/၂၀၂၄)သို့ လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည့်ဖြိုးဆွေ(တ/၃၀၅၉)၊ ဒုတိယဦးစီးမှူး ဦးသက်ပိုင်မင်းသော်(တ/၃၉၉၆)၊ လွိုင်ကော်မြို့နယ်တရားသူကြီး ဦးမျိုးသူရ(တ/၃၆၁၉) တို့ တက်ရောက်ခဲ့ကြပါသည်။

ကယားပြည်နယ်တရားလွှတ်တော်တွင် (၁၁-၁၁-၂၀၂၄) ရက်နေ့မှ (၁၃-၁၁-၂၀၂၄) ရက်နေ့ထိ (၃)ရက်ကြာ ဖွင့်လှစ်သော တရားရုံးဝန်ထမ်းများ ရုံးတွင်းကွန်ပျူတာသင်တန်းနှင့် အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)တွင် စေ့စပ်ဖြေရှင်းရေးအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးညဏ်လူလင်း(တ/၃၀၆၁) **"တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ် "**နှင့် စပ်လျဉ်း၍ ပို့ချပေးခဲ့ပါသည်။

### ၂.၂.၁.၈ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့်ဆွေးနွေးပွဲများ ကျင်းပခြင်း

(၁၈-၉-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ်၊ ပထမ (၆) လတာကာလ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်အသီးသီးရှိ စေ့စပ်ဖြေရှင်းရေးဌာနများ၏ စေ့စပ်ဖြေရှင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်တရားရေးဦးစီးမှူး ဦးထွန်းထွန်းအောင်(တ/၂၄၇၇) နှင့် စေ့စပ်ဖြေရှင်းရေးအရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးညဏ်လူလင်း(တ/၃၀၆၁) တို့ တက်ရောက်ခဲ့ကြပါသည်။

### ၂.၂.၁.၉ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်

တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအစီအစဉ်များဖြစ်သည့် တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးအား အများပြည်သူ လက်လှမ်းမီမှုရှိစေရေး၊ ယင်းစနစ်အား နယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး လိုအပ်သည့်သင်တန်းများ ထိထိရောက်ရောက်ပို့ချရေးနှင့် ဆွေးနွေးပွဲများ အခါအားလျော်စွာ ကျင်းပရေးတို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၂.၃ မူပိုင်ခွင့်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲများ ကျင်းပခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် မူပိုင်ခွင့်ဥပဒေများဆိုင်ရာ အတွေ့အကြုံဗဟုသုတများ မျှဝေနိုင်ရန် ရည်ရွယ်၍ မူပိုင်ခွင့်မှုခင်းများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို (၁၇-၈-၂၀၂၄)ရက်နေ့ နံနက် (၉း၀၀)နာရီတွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ ကယားပြည်နယ်တရားလွှတ်တော်မှ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ခဲ့ကြပါသည်။

## ၂.၄ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း

ကယားပြည်နယ်တရားလွှတ်တော်သည် ပြည်သူများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ကို အကောင်အထည်ဖော်ရန် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

### ၂.၄.၁ လူ့စွမ်းအား အရင်းအမြစ်များ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ကယားပြည်နယ်တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်သော တရားရေးအရာရှိ (၁၁)ဦးနှင့် ရုံးဝန်ထမ်း(၅၆)ဦး ရှိပါသည်။ ပြည်နယ်တရားလွှတ်တော်အပါအဝင် တရားရုံးအဆင့်ဆင့်ရှိ အမှုထမ်းခွင့်ပြုအင်အားစုစုပေါင်း (၂၁၇)ဦးရှိပြီး (၁၆၁)ဦး လစ်လပ်လျက်ရှိသဖြင့် လက်ရှိတွင်အမှုထမ်း (၅၆)ဦးဖြင့် ရုံးလုပ်ငန်းတာဝန်များကိုဆောင်ရွက်လျက်ရှိပါသည်။ ကယားပြည်နယ်တရားလွှတ်တော်နှင့်တရားရုံးအဆင့်ဆင့်ရှိ တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများ၏ ရာထူးအလိုက် အင်အားစာရင်းကို **နောက်ဆက်တွဲ(ဂ)**အဖြစ်လည်းကောင်း၊ လျော့နည်းပြုန်းတီးသွားသည့် ဝန်ထမ်းအင်အားစာရင်းကို **နောက်ဆက်တွဲ(ဃ)**အဖြစ်လည်းကောင်း ဖော်ပြထားပါသည်။

### ၂.၄.၂ လေ့ကျင့်သင်ကြားပေးမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု

ကယားပြည်နယ်တရားလွှတ်တော်၊ ခရိုင်နှင့် မြို့နယ်တရားရုံးများရှိ တရားရုံးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန် အစဉ်တစိုက် အာရုံစူးစိုက်လျက် ခေတ်ကာလအခြေအနေနှင့် လျော်ညီသော သင်တန်းများအား ဖွင့်လှစ်ပို့ချပေးလျက် ရှိပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ကယားပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးမှ တာဝန်ထမ်းဆောင်လျက်ရှိသော အငယ်တန်းစာရေးများ၊ အငယ်တန်းလက်နှိပ်စက်စာရေးများ၊ ရုံးအကူနှင့် ရုံးအကူစာပို့များအား ရုံးတွင်းကွန်ပျူတာသင်တန်းနှင့် အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ် ၁/၂၀၂၄ ကို (၁၁-၁၁-၂၀၂၄) ရက်နေ့မှ (၁၃-၁၁-၂၀၂၄)ရက်နေ့ထိ (၃)ရက်ကြာဖွင့်လှစ်ပို့ချခဲ့ပြီး သတင်းမီဒီယာကျွမ်းကျင်မှု (Media Skills) ဆင့်ပွားသင်တန်းကို (၂၆-၁၂-၂၀၂၄) ရက်နေ့တွင် ကယားပြည်နယ်တရားလွှတ်တော်၌ သင်တန်းဖွင့်လှစ်ပို့ချခဲ့ပြီး ကယားပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ

တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း (၁၀)ဦး တက်ရောက်ခဲ့ပြီး လေ့လာသူများအဖြစ် ရုံးအုပ်များ၊ ဌာနခွဲစာရေးများ၊ အကြီးတန်းစာရေးများ၊ အငယ်တန်းစာရေးများ စုစုပေါင်း(၁၂)ဦး တက်ရောက်ခဲ့ပါသည်။

### ၂.၄.၃ အခြားကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း

**တရားရုံးဝန်ထမ်းများအတွက် ရုံးတွင်းကွန်ပျူတာသင်တန်းနှင့် အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ် ၁ / ၂၀၂၄ ဖွင့်လှစ်ပို့ချခဲ့မှု မှတ်တမ်းဓါတ်ပုံများ**









## ၂.၅ တရားရုံးလုပ်ငန်းနှင့်တရားစီရင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း

တရားရုံးလုပ်ငန်းနှင့် တရားစီရင်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရာတွင် စီမံရေးရာနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ရှေ့နေရှေ့ရပ်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးရရှိရေး ဆောင်ရွက်ခြင်း၊ ရုံးခွန်နှင့် ဒဏ်ငွေကောက်ခံခြင်းတို့ ပါဝင်ပါသည်။

### ၂.၅.၁ ဝန်ထမ်းရေးရာကိစ္စရပ်များ

ပြည်နယ်တရားလွှတ်တော်သည် လက်အောက်တရားရုံးများ၏ တရားစီရင်ရေးလုပ်ငန်းနှင့် တရားရုံးလုပ်ငန်းများကိုလည်းကောင်း၊ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသော တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ၏ ကျင့်ဝတ်စည်းကမ်းလိုက်နာမှုတို့ကိုလည်းကောင်း ကြီးကြပ်ဆောင်ရွက်ပါသည်။ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ လုပ်ထုံးလုပ်နည်း မလိုက်နာခြင်း၊ စီမံခန့်ခွဲမှု အားနည်းခြင်းတို့အတွက် အရေးယူဆောင်ရွက်မှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် ကယားပြည်နယ်အတွင်းရှိ ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများရှိ တရားသူကြီး (၁) ဦး၊ တရားရေးအရာရှိ (၁) ဦး၊ ရုံးဝန်ထမ်းစုစုပေါင်း (၅) ဦးတို့အား ရာထူးအလိုက် ဝန်ထမ်းပြစ်ဒဏ် ချမှတ်ခဲ့မှုအခြေအနေကို **နောက်ဆက်တွဲ(င)** တွင် ဖော်ပြထားပါသည်။

### ၂.၅.၂ အခြားရုံးများသို့ပြောင်းရွှေ့ခြင်း၊ ပူးတွဲတာဝန်ထမ်းဆောင်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကယားပြည်နယ်အတွင်း ဒေသအခြေအနေအရ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်လိုသည့် တရားရုံးဝန်ထမ်းများကို သင့်လျော်ရာတရားရုံးများသို့ ပြောင်းရွှေ့ပေးခြင်း၊ ပူးတွဲတာဝန်ထမ်းဆောင်စေခြင်းများ ပြုလုပ်ခဲ့ပါသည်။

၂၀၂၄ ခုနှစ်တွင် ကယားပြည်နယ်အတွင်းရှိ ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများရှိ ရုံးဝန်ထမ်းစုစုပေါင်း (၆)ဦးအား ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်း ပြုခဲ့မှု အခြေအနေကို **နောက်ဆက်တွဲ (စ)** တွင် ဖော်ပြထားပါသည်။

### ၂.၅.၃ ရှေ့နေရှေ့ရပ်ဆိုင်ရာကိစ္စရပ်များ

ကယားပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးတွင် အမှုလိုက်ပါဆောင်ရွက်သော တရားလွှတ်တော်ရှေ့နေ(၂၄)ဦး၊ အထက်တန်းရှေ့နေ(၂၈)ဦးရှိပါသည်။ ၂၀၂၄ခုနှစ်တွင် တရားလွှတ်တော်ရှေ့နေများနှင့် အထက်တန်းရှေ့နေများအပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရခြင်း မရှိပါ။

### ၂.၅.၄ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများရရှိရေး ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၈ နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၉-၁၀-၂၀၁၃ ရက်စွဲပါညွှန်ကြားချက် အမှတ် ၅/၂၀၁၃ တို့အရ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေအရ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေးနှင့် အမှုများ စစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် ၂၀၂၄ ခုနှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် လွိုင်ကော်ခရိုင်တရားသူကြီးတို့သည် လွိုင်ကော်မြို့မရဲတပ်ဖွဲ့ အချုပ်စခန်းအား (၂)ကြိမ် သွားရောက်စစ်ဆေး၍ အကျဉ်းသားနှင့် အချုပ်သားများအတွက် လိုအပ်သည်များကို လမ်းညွှန်ဆောင်ရွက်ပေးခဲ့ပါသည်။

**ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဦးထွန်းထွန်းဦး လွိုင်ကော်မြို့မရဲစခန်း အချုပ်ခန်းအား ( ၁၄ - ၈ - ၂၀၂၄ ) ရက်နေ့တွင် စစ်ဆေးခြင်းမှတ်တမ်းများ**





**ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဦးထွန်းထွန်းဦး လွိုင်ကော်မြို့မရဲစခန်း အချုပ်ခန်းအား ( ၅ - ၁၂ - ၂၀၂၄ ) ရက်နေ့တွင် စစ်ဆေးခြင်းမှတ်တမ်းများ**





### ၂.၅.၅ ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ၂၀၂၄ ခုနှစ်အတွင်း ပြည်နယ်အတွင်းရှိ တရားရုံးများအား ရှောင်တခင်စစ်ဆေးကြည့်ရှုနိုင်မှုအခြေအနေ

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် လွိုင်ကော်တိုင်းရင်းဆေးရုံဝင်းအတွင်း ယာယီရုံးထိုင်လျက်ရှိသည့် လွိုင်ကော်မြို့နယ်တရားရုံးအား (၁၁-၁၀-၂၀၂၄) ရက်နေ့တွင်လည်းကောင်း၊ လွိုင်ကော်ခရိုင်တရားရုံး၊ ဒီးမော့ဆိုခရိုင်တရားရုံး၊ မယ်စဲ့ခရိုင်တရားရုံးနှင့် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ မယ်စဲ့မြို့နယ်တရားရုံးတို့အား (၁၇-၁၀-၂၀၂၄) ရက်နေ့တွင်လည်းကောင်း၊ လွိုင်ကော်ခရိုင်တရားရုံးနှင့် လွိုင်ကော်မြို့နယ်တရားရုံးတို့အား

(၂၈-၁၁-၂၀၂၄) ရက်နေ့တွင်လည်းကောင်း ရှောင်တခင် သွားရောက်စစ်ဆေးခဲ့ပြီး (၁) နှစ်အထက်၊ (၂)နှစ်အထက်၊ (၃)နှစ် အထက်ကြန့်ကြာလျက်ရှိသော တရားမမှုများနှင့် ရာဇဝတ်မှုများ ပြီးပြတ်ရေး တွန်းအားပေးစစ်ဆေးရန်၊ သီးသန့်ရုံးထိုင်ဖြင့်စစ်ဆေးသည့် ရာဇဝတ်ကြီးမှုများ ဥပဒေနှင့်အညီ အမြန် စစ်ဆေးပြီးပြတ်ရေးအတွက် ဆောင်ရွက်ရန်၊ သက်သေခံပစ္စည်းများ လုံခြုံစွာထားရှိရန်၊ လမ်းညွှန် မှာကြားခဲ့ပါသည်။

**ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးထွန်းထွန်းဦးမှ တရားရုံးများအား ၂၀၂၄ ခုနှစ်အတွင်း ရှောင်တခင်ကြည့်ရှုစစ်ဆေးခြင်းမှတ်တမ်းများ**





### ၂.၅.၆ ခရိုင်တရားရုံးများက လက်အောက်တရားရုံးများ စစ်ဆေးမှုအခြေအနေ

၂၀၂၄ ခုနှစ်တွင် လွိုင်ကော်ခရိုင်တရားသူကြီး ဦးဥက္ကာမောင် (တ/၂၆၆၇)သည် လွိုင်ကော် မြို့နယ်တရားရုံးနှင့် ရှားတောမြို့နယ်တရားရုံးတို့အား လည်းကောင်း၊ ဘောလခဲခရိုင် တရားသူကြီး ဦးစည်သူထွန်း (တ/၃၀၃၂)သည် ဘောလခဲမြို့နယ်တရားရုံးနှင့် ဖားဆောင်းမြို့နယ် တရားရုံးတို့အား လည်းကောင်း၊ ဒီးမော့ဆိုခရိုင်တရားသူကြီး ဦးဉာဏ်လှုလင်း (တ/၃၀၆၁) သည် ဒီးမော့ဆိုမြို့နယ် တရားရုံးနှင့် ဖရူဆိုမြို့နယ်တရားရုံးတို့အား လည်းကောင်း၊ မယ်စဲ့ခရိုင်တရားသူကြီး ဦးပြည့်ဖြိုးဆွေ (တ/၃၀၅၉)သည် မယ်စဲ့မြို့နယ်တရားရုံးအား တရားရုံးများလက်စွဲ အပိုဒ် ၉၉၇၊ တရားရုံးချုပ် ညွှန်ကြားလွှာ အမှတ် ၆/၉၈ နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက် အမှတ် ၁/၂၀၂၀ တို့အရ ၂၀၂၃ ခုနှစ်အတွက် ရုံးစစ်ဆေးခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။

### ၂.၅.၇ ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံခြင်း

ကယားပြည်နယ်တရားလွှတ်တော်သည် ရငွေများဖြစ်သော ရုံးခွန်နှင့် ဒဏ်ငွေများကို အလေအလွင့်မရှိအောင် ကောက်ခံ၍ နိုင်ငံတော်ဘဏ္ဍာသို့ နှစ်စဉ်ပေးသွင်းလျက်ရှိပါသည်။

#### ၂.၅.၇.၁ ရုံးခွန်

ကယားပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိ လက်အောက်ခံတရားရုံး အဆင့်ဆင့်၌ စွဲဆိုသောအမှုများတွင် ရုံးခွန်တော်အက်ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းများကို အမှုသည်များမှ လည်းကောင်း၊ ရှေ့နေရှေ့ရပ်ကိစ္စများတွင် ရှေ့နေများနှင့် သက်ဆိုင်သူများမှ လည်းကောင်း ထမ်းဆောင်ရပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ရုံးခွန်တံဆိပ်ခေါင်းများ ထမ်းဆောင်ငွေ ရရှိခြင်း မရှိပါ။ လတ်တလော ဒေသအခြေအနေအရ အမှုစွဲဆိုမှုသည် ယခင်နှစ်များကထက် များစွာ လျော့နည်း၍ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

#### ၂.၅.၇.၂ ဒဏ်ငွေ

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေအရ တရားရုံးများမှ ကောက်ခံရရှိသော ဒဏ်ငွေများကို ပြည်နယ်တရားလွှတ်တော်၏ ရငွေများအဖြစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်အတွင်းရှိ ခရိုင်နှင့် မြို့နယ် တရားရုံးများမှ ကောက်ခံရရှိသည့် **ဒဏ်ငွေစုစုပေါင်း (၇၃၅၀၀၀၀)ကျပ်** ဖြစ်ပါသည်။

**၂၀၂၄ ခုနှစ်အတွင်း ဒဏ်ငွေရရှိမှု အခြေပြဇယား**

| စဉ် | ရုံးအမည် | ယစ်မျိုးမှုမှရငွေ | အခြားရာဇဝတ်မှုမှရငွေ | မော်တော်ယာဉ်မှုမှရငွေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ပြည်နယ်တရားလွှတ်တော် | - | - | - | - |
| ၂။ | ခရိုင်တရားရုံးများ | - | - | - | - |
| ၃။ | မြို့နယ်တရားရုံးများ | - | ၇၃၅၀၀၀၀/- | - | ဒဏ်ငွေကြွေးကျန်မရှိပါ။ |
| စုစုပေါင်း | | - | ၇၃၅၀၀၀၀/- | - | |

### ၂.၆ တရားစီရင်ရေးဆိုင်ရာအသိပညာပေးရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် ဆောင်ရွက်ချက်များ

ပြည်နယ်တရားလွှတ်တော်အနေဖြင့် အများပြည်သူသို့ အသိပညာပေးအစီအစဉ်များ၊ ပွင့်လင်းမြင်သာမှုရှိစေရေး ဆောင်ရွက်ချက်များအနေဖြင့် ရာဇဝတ်မှုအကြောင်း သိကောင်းစရာ

လက်ကမ်းစာစောင်များနှင့် တရားမမှုအကြောင်း သိကောင်းစရာလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေခြင်းတို့ ဖြစ်ပါသည်။

### ၂.၆.၁ တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ဝေခြင်း

ကယားပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများအပါအဝင် တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအား ပြည်တွင်းပြည်ပမှ အများပြည်သူသိရှိနိုင်ရန်၊ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏ စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် တရားရုံးနှစ်စဉ်အစီရင်ခံစာ (၂၀၂၃ ခုနှစ်) ကို ၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် မြန်မာဘာသာစကားဖြင့် ထုတ်ဝေခဲ့သည်။

### ၂.၇ အစည်းအဝေးများ၊ ဆွေးနွေးပွဲများကို Virtual Online ဖြင့် ဆောင်ရွက်နိုင်မှုအခြေအနေ

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ၂၀၂၅ ခုနှစ် တတိယနှစ် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာလုပ်ငန်းအစီအစဉ်ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာနက ကြီးမှူး၍ ကျင်းပပြုလုပ်သည့် မူပိုင်ခွင့်ဥပဒေများ အသိပညာပေး ဆွေးနွေးပွဲ၊ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့များတွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ်၊ ပထမ (၆)လတာကာလ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်အသီးသီးရှိ စေ့စပ်ဖြေရှင်းရေးဌာနများ၏ စေ့စပ်ဖြေရှင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာအောင်မြင်စွာထုတ်ဝေနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၏ တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) ခုနှစ် ရေးဆွဲရေးဆိုင်ရာ အပြီးသတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၄) တို့ကို Video Conference စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

# အပိုင်း (၃)

# တရားစီရင်ရေးဆိုင်ရာ

# ဆောင်ရွက်မှုများ

## အပိုင်း (၃)

## တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများ

### ၂၀၂၄ ခုနှစ် မှုခင်းစစ်ဆေးစီရင်မှုတွင် တွေ့ရှိချက်များ

၂၀၂၄ခုနှစ် မှုခင်းစာရင်းများအရ ကယားပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးတွင် စွဲဆိုမှုလျော့နည်းခဲ့ပြီး ယခင်နှစ်ထက်အမှုစွဲဆိုမှု ၆၆% လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။ မှုခင်းများစစ်ဆေးပြီးပြတ်မှုမှာ ယခင်နှစ်ထက်လျော့နည်းပြီးပြတ်ခဲ့ကြောင်း တွေ့ရှိရပြီး တစ်ပြည်နယ်လုံး အမှုပြီးပြတ်မှုနှုန်း ၁၁၅.၂၆% စစ်ဆေးပြီးပြတ်ခဲ့ကြောင်း တွေ့ရှိရသဖြင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃ -၂၀၂၇) တွင် လျာထားသည့် တစ်ပြည်နယ်လုံး အမှုပြီးပြတ်မှုနှုန်း စုစုပေါင်း ၁၀၀% ထက်ကျော်လွန်ပြီးပြတ်ခဲ့ကြောင်း တွေ့ရှိရသည်။

### ၃.၁ မှုခင်းများစစ်ဆေးစီရင်ခြင်း

မှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေးသည် တရားရုံး၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်၏ မှုခင်းများစစ်ဆေးစီရင်မှု အခြေအနေကို ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း၊ ဆုံးဖြတ်ပြီး အမှုများ၏ သက်တမ်း၊ စစ်ဆေးဆဲအမှုများ၏ သက်တမ်း၊ အယူခံတက်ရောက်မှုနှုန်း၊ ခရိုင်နှင့်မြို့နယ်အလိုက် အမှုစွဲဆိုမှုရာခိုင်နှုန်း၊ မှုခင်းပမာဏနှင့် တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု၊ အရေးကြီးရာဇဝတ်မှု အမျိုးအစားအလိုက် ခွဲခြားခြင်း စသည့်စံနှုန်းများပေါ် မူတည်၍ နှိုင်းယှဉ်ဖော်ပြထားပါသည်။

#### ၃.၁.၁ ကယားပြည်နယ်အတွင်းရှိ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တရားရုံးများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် " **တရားမျှတမှုရရှိစေရေး အားလုံးပါဝင်ဆောင်ရွက်ပေး** "ဟူသည့်ဆောင်ပုဒ်ဖြင့် တတိယအကြိမ်မြောက် တရားစီရင်ရေးဆိုင်ရာ (၅) နှစ်တာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်သည် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၏ ဒုတိယနှစ်သို့ ရောက်ရှိပြီဖြစ်ပါသည်။ ဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်တွင် မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၃)သည် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရန် ဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈ -၂၀၂၂)၏ မဟာဗျူဟာ လုပ်ငန်းနယ်ပယ်(၅)အရ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program–NCMP)ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်ခဲ့ရာ ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးအားလုံးနှင့် မြို့နယ်တရားရုံးအားလုံးတို့သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် တရားရုံးများ ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်းကို ရာဇဝတ်မှုပြီးပြတ်မှုနှုန်းအား ၁၀၀% ၊ တရားမမှုပြီးပြတ်မှုနှုန်းအား ၁၀၀%၊ စုစုပေါင်း ပြီးပြတ်မှုနှုန်း ၁၀၀% ပြီးပြတ်ရန် လျာထား သတ်မှတ်ထားပြီး ရလဒ်တိုင်းတာသည့်ကာလမှာ NCMP တရားရုံး(၁၁)ရုံး၏ (၃၁-၁၂-၂၀၂၃) ရက်နေ့ အထိ ပြီးပြတ်မှုများကို ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။

## ၃.၂ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်းသည် တရားရုံးသို့ စွဲဆိုတင်ပို့သည့် မှုခင်းပမာဏကို အမီလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာစွမ်းရည်ကို တိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း စွဲဆို တင်ပို့လာသော အမှုနှင့်စီရင်ဆုံးဖြတ်ပြီးသည့် အမှုအရေအတွက်အမျိုးအစားကို တွက်ချက်တိုင်းတာ ဖော်ပြခြင်းဖြစ်ပါသည်။

### ၃.၂.၁ ကယားပြည်နယ်တရားလွှတ်တော်၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

၂၀၂၄ ခုနှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်၏ ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများ စစ်ဆေးစီရင်ပြီးပြတ်မှုနှုန်းကို ပြက္ခဒိန်နှစ်အလိုက် ဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်သို့ စွဲဆိုတင်ပို့သော အမှုပေါင်း (၈) မှုရှိပြီး၊ ပြီးပြတ်မှုသည် (၁၃)မှု ဖြစ်ပါသည်။ စွဲဆိုလျှောက်ထားမှုသည် ယခင်နှစ်ထက် လျော့နည်းခဲ့ပြီး မှုခင်း အားလုံး၏ ပြီးပြတ်မှုနှုန်းမှာ (၁၆၂.၅%) ဖြစ်သဖြင့် ယခင်နှစ်ထက် အမှုပြီးပြတ်မှုနှုန်း (၉၇.၅%) ပိုများသည့်အပြင် ပြီးပြတ်ရန်လျာထားချက်ထက် ပိုမိုကျော်လွန်သည်ကို တွေ့ရှိရပါသည်။

ဇယား ( ၁ ) ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

| အကြောင်းအရာ | ၂၀၂၃ ခုနှစ် | | | ၂၀၂၄ ခုနှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| စွဲဆိုတင်ပို့မှု | ၉ | ၈ | ၁၇ | ၆ | ၂ | ၈ |
| ပြီးပြတ်မှု | ၇ | ၄ | ၁၁ | ၆ | ၇ | ၁၃ |
| အမှုပြီးပြတ်နှုန်း | ၇၈% | ၅၀% | ၆၅% | ၁၀၀% | ၃၅၀% | ၁၆၂.၅% |







## ၃.၂.၂ ခရိုင်တရားရုံးများ

၂၀၂၄ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာ အမှုများ စစ်ဆေးစီရင်ပြီးပြတ်မှုနှုန်းကို ပြက္ခဒိန်နှစ်အလိုက် ဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ခရိုင်တရားရုံးများသို့ စွဲဆိုတင်ပို့သော အမှုပေါင်း (၆၆)မှု ရှိပြီး၊ ပြီးပြတ်မှုသည် (၇၉)မှု ဖြစ်ပါသည်။ စွဲဆိုလျှောက်ထားမှုသည် ၂၀၂၃ ခုနှစ်ထက်လျော့နည်းသော်လည်း မှုခင်းအားလုံး၏ ပြီးပြတ်မှုနှုန်းမှာ (၁၁၉.၆၉%) ဖြစ်သဖြင့် ယခင်နှစ်ထက် အမှုပြီးပြတ်မှုနှုန်း (၉၇.၅%) ပိုများ (၂၇.၆၉%) ပိုများသည့်အပြင် ပြီးပြတ်ရန်လျာထားချက်ထက် ပိုမိုကျော်လွန်သည်ကို တွေ့ရှိရပါသည်။

**ဇယား ( ၂ ) ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်အတွင်းရှိ ခရိုင်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း**

| အကြောင်းအရာ | ၂၀၂၃ ခုနှစ် | | | ၂၀၂၄ ခုနှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| **စွဲဆိုတင်ပို့မှု** | ၃၁၇ | ၃၅ | ၃၅၂ | ၅၁ | ၁၅ | ၆၆ |
| **ပြီးပြတ်မှု** | ၃၀၁ | ၂၂ | ၃၂၃ | ၆၈ | ၁၁ | ၇၉ |
| **အမှုပြီးပြတ်နှုန်း** | ၉၅% | ၆၃% | ၉၂% | ၁၃၃.၃၃% | ၇၃.၃၃% | ၁၁၉.၆၉% |







## ၃.၂.၃ မြို့နယ်တရားရုံးများ

ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံး (၇) ရုံးတို့၏ ၂၀၂၄ ခုနှစ် အတွင်း ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများ စစ်ဆေးစီရင် ပြီးပြတ်မှုနှုန်းကို ပြက္ခဒိန်နှစ်အလိုက် ဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများသို့ စွဲဆိုတင်ပို့သော အမှုပေါင်း (၁၇၅) မှုရှိပြီး၊ ပြီးပြတ်မှုသည် (၁၉၅) မှုဖြစ်ပါသည်။ စွဲဆိုလျှောက်ထားမှုသည် ယခင်နှစ်ထက် (၄၇)မှု ပိုမိုများပြားလာသော်လည်း မှုခင်းအားလုံး၏ပြီးပြတ်မှုနှုန်းမှာ (၁၁၁.၄၃%) ဖြစ်သဖြင့် ယခင်နှစ်ထက် အမှုပြီးပြတ်မှုနှုန်း (၃.၅၇%) လျော့နည်းသွားသော်လည်း ပြီးပြတ်ရန်လျာထားချက်ထက် ပိုမိုကျော်လွန်သည်ကို တွေ့ရှိရပါသည်။

### ဇယား ( ၃ ) ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

| အကြောင်းအရာ | ၂၀၂၃ ခုနှစ် | | | ၂၀၂၄ ခုနှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| **စွဲဆိုတင်ပို့မှု** | ၁၀၆ | ၁၉ | ၁၂၈ | ၁၇၂ | ၃ | ၁၇၅ |
| **ပြီးပြတ်မှု** | ၁၂၉ | ၁၈ | ၁၄၇ | ၁၉၁ | ၄ | ၁၉၅ |
| **အမှုပြီးပြတ်နှုန်း** | ၁၁၈% | ၉၅% | ၁၁၅% | ၁၁၁.၀၅% | ၁၃၃.၃၃% | ၁၁၁.၄၃% |







## ၃.၃ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်း

ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းသည် တရားရုံးများ၏ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်မှုစွမ်းရည်ကိုတိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း တရားရုံးကဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်နှင့် ကြာမြင့်သည့်ကာလအလိုက် အမှုအရေအတွက်တို့၏ အမျိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ (၁၂) လအထက် ကြာမြင့်သည့် ရာဇဝတ်မှုနှင့် (၃၆)လအထက် ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၏ ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ (၂) နှစ်တာကာလအတွက် ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းကို ရာဇဝတ်၊ တရားမမှုခင်းများအလိုက် နှိုင်းယှဉ်ဖော်ပြထားပါသည်။

### ၃.၃.၁ ကယားပြည်နယ်တရားလွှတ်တော်၏ဆုံးဖြတ်ပြီး အမှုများသက်တမ်း

ကယားပြည်နယ်တရားလွှတ်တော်သည် ရာဇဝတ်နှင့် တရားမဆိုင်ရာမူလမှု၊ အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေမှုများကို စစ်ဆေးပါသည်။ ကယားပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏သက်တမ်းကို ***ဇယား (၄)*** တရားမမှုခင်းများ၏ သက်တမ်းကို ***ဇယား (၅)*** တို့ဖြင့် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ (၂) နှစ်အတွက် နှိုင်းယှဉ်ဖော်ပြထားပါသည်။ နှိုင်းယှဉ်ဖော်ပြချက်များအရ ၁၂ လအထက် ရာဇဝတ်မှုတွင် ၂.၂၇ ရာခိုင်နှုန်း ပိုမိုများပြားလာသည်ကိုတွေ့ရပြီး တရားမမှုတွင် ၃၆ လအထက် တရားမမှုများ မရှိကြောင်း တွေ့ရှိရပါသည်။

## ဇယား (၄) ကယားပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း ( ၂၀၂၃ - ၂၀၂၄ )

| အမှုများ၏ သက်တမ်း | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၆ | ၈၅.၇၁% | ၃ | ၅၀% |
| ၃ – ၆ လ | ၀ | ၀% | ၁ | ၁၆.၆၆% |
| ၆ – ၁၂ လ | ၀ | ၀% | ၁ | ၁၆.၆၆% |
| ၁၂ လအထက် | ၁ | ၁၄.၂၉% | ၁ | ၁၆.၆၆% |
| **စုစုပေါင်း** | **၇** | **၁၀၀%** | **၆** | **၁၀၀%** |







## ဇယား ( ၅ ) ကယားပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း ( ၂၀၂၃ -၂၀၂၄ )

| အမှုများ၏ သက်တမ်း | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၃ | ၇၅% | ၃ | ၄၂.၈၆% |
| ၃ – ၆ လ | ၁ | ၂၅% | ၀ | ၀% |
| ၆ – ၁၂ လ | ၀ | ၀% | ၂ | ၂၉% |
| ၁၂ – ၃၆ လ | ၀ | ၀% | ၂ | ၂၉% |
| ၃၆ လအထက် | ၀ | ၀% | - | ၀% |
| စုစုပေါင်း | ၄ | ၁၀၀% | ၇ | ၁၀၀% |







## ၃.၃.၂ ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး အမှုများသက်တမ်း

ခရိုင်တရားရုံးများသည် ရာဇဝတ်နှင့် တရားမဆိုင်ရာမူလမှု၊ အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေမှုများကို စစ်ဆေးပါသည်။ ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးတို့၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏ သက်တမ်းကို ***ဇယား (၆)***၊ တရားမမှုခင်းများ၏ သက်တမ်းကို ***ဇယား (၇)*** တို့ဖြင့် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ (၂) နှစ်အတွက် နှိုင်းယှဉ်ဖော်ပြထားပါသည်။ နှိုင်းယှဉ်ဖော်ပြချက်များအရ ရာဇဝတ်မှုတွင် ၁၂ လအထက် ၆.၆၉% ပိုမိုများပြားလာသည်ကိုတွေ့ရပြီး တရားမမှုတွင် ၃၆ လ အထက်အမှုများ မရှိသည်ကို တွေ့ရှိရပါသည်။

**ဇယား ( ၆ ) ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း ( ၂၀၂၃ -၂၀၂၄ )**

| အမှုများ၏ သက်တမ်း | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| **၃ လအောက်** | ၂၅၉ | ၈၆.၀၅% | ၄၀ | ၅၈.၈၂% |
| **၃ – ၆ လ** | ၂၀ | ၆.၆၄% | ၃ | ၄.၄၁% |
| **၆ – ၁၂ လ** | ၂၀ | ၆.၆၄% | ၂၀ | ၂၉.၄၁% |
| **၁၂ လအထက်** | ၂ | ၀.၆၆% | ၅ | ၇.၃၅% |
| **စုစုပေါင်း** | **၃၀၁** | **၁၀၀%** | **၆၈** | **၁၀၀%** |






## ဇယား ( ၇ ) ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း ( ၂၀၂၃ -၂၀၂၄ )

| အမှုများ၏ သက်တမ်း | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၁၈ | ၈၁.၈၁% | ၀ | ၀% |
| ၃ – ၆ လ | ၁ | ၄.၅၅% | ၄ | ၃၆.၃၆% |
| ၆ – ၁၂ လ | ၂ | ၉.၀၉% | ၇ | ၆၃.၆၃% |
| ၁၂ – ၃၆ လ | ၁ | ၄.၅၅% | ၀ | ၀% |
| ၃၆ လအထက် | - | - | ၀ | ၀% |
| စုစုပေါင်း | ၂၂ | ၁၀၀% | ၁၁ | ၁၀၀% |







### ၃.၃.၃ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး အမှုများသက်တမ်း

မြို့နယ်တရားရုံးများသည် ရာဇဝတ်နှင့် တရားမဆိုင်ရာ မူလမှုများကို စစ်ဆေးပါသည်။ ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံး (၇) ရုံးတို့၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏ သက်တမ်းကို ***ဇယား (၈)*** တရားမမှုခင်းများ၏သက်တမ်းကို ***ဇယား (၉)*** တို့ဖြင့် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ (၂)နှစ်အတွက် နှိုင်းယှဉ်ဖော်ပြထားပါသည်။ နှိုင်းယှဉ်ဖော်ပြချက်များအရ ရာဇဝတ်မှုတွင် ၁၂လ အထက် အမှုများ ၁၃.၁၉ ရာခိုင်နှုန်း ပိုမိုများပြားခဲ့ပြီး တရားမမှုတွင် ၃၆ လ အထက် အမှုများ ၁၃.၈၈ ရာခိုင်နှုန်းသို့ လျော့နည်းကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။

## ဇယား ( ၈ ) မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း ( ၂၀၂၃ - ၂၀၂၄ )

| အမှုများ၏ သက်တမ်း | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| နေ့ချင်းပြီး | ၇၀ | ၅၄.၂၆% | ၉၉ | ၅၁.၈၃% |
| ၃ လအောက် | ၃၃ | ၂၅.၅၈% | ၄၃ | ၂၂.၅၁% |
| ၃ – ၆ လ | ၁၀ | ၇.၇၅% | ၆ | ၃.၁၄% |
| ၆ – ၁၂ လ | ၁၀ | ၇.၇၅% | ၉ | ၄.၇၂% |
| ၁၂ လအထက် | ၆ | ၄.၆၅% | ၃၄ | ၁၇.၈၀% |
| **စုစုပေါင်း** | **၁၂၉** | **၁၀၀%** | **၁၉၁** | **၁၀၀%** |







## ဇယား ( ၉ ) မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း ( ၂၀၂၃ - ၂၀၂၄ )

| အမှုများ၏ သက်တမ်း | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၆ လအောက် | ၂ | ၁၁.၁၁% | ၀ | ၀% |
| ၆ – ၁၂ လ | ၈ | ၇၂.၇၂% | ၀ | ၀% |
| ၁၂ – ၃၆ လ | ၁ | ၅၀.၅၆% | ၃ | ၇၅% |
| ၃၆ လအထက် | ၇ | ၃၈.၈၈% | ၁ | ၂၅% |
| **စုစုပေါင်း** | **၁၈** | **၁၀၀%** | **၄** | **၁၀၀%** |







## ၃.၄ မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ စစ်ဆေးဆဲအမှုများ၏ သက်တမ်း

စစ်ဆေးဆဲအမှုများသက်တမ်းသည် တရားရုံးများ၏ အမှုဟောင်းနှင့် ကြန့်ကြာမှုခင်းများကို စောင့်ကြပ်ကြည့်ရှုရန် ပြက္ခဒိန်နှစ်ကုန်ဆုံးချိန်တွင် စစ်ဆေးဆဲအမှုအရေအတွက်နှင့် ကြာမြင့်သည့် အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ (၁၂) လအထက် ကြာမြင့်သည့် ရာဇဝတ်မှုနှင့် (၃၆)လအထက် ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

၂၀၂၄ ခုနှစ်အတွက် တရားရုံးများ၏ စစ်ဆေးဆဲအမှုများအနက် ကြန့်ကြာမှုခင်းများကို အောက်ပါအတိုင်း လျှော့ချနိုင်ရန် ရည်မှန်းထားပါသည် -

- ၁၂ လအထက် စစ်ဆေးဆဲ ရာဇဝတ်မှုများကို ၆% ထိ လျှော့ချရန်
- ၃၆ လအထက် စစ်ဆေးဆဲ တရားမမှုများကို ၃% ထိ လျှော့ချရန်

### ၃.၄.၁ ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲအမှုများ သက်တမ်း

ခရိုင်တရားရုံးများတွင် ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲရာဇဝတ်မှုများ၏ ၅၆% သည် (၃)လအောက်ကြာမြင့်သည့်အမှုများဖြစ်ပြီး ၁၁% သည် (၃)လမှ (၆)လအတွင်း၊ ၃၃% သည် (၁၂)လအထက် ကြာမြင့်သည့်အမှုများဖြစ်ပါသည်။ အသေးစိတ်ကို ***ဇယား (၁၀)*** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ ခရိုင်တရားရုံးများတွင် (၁၂)လအထက် ကြန့်ကြာသည့်ရာဇဝတ်မှုများမှာ ၂၀၂၄ခုနှစ်အတွင်း စုစုပေါင်း စစ်ဆေးဆဲအမှုများ၏ ၃၃% ရှိသဖြင့် လျာထားချက်အား ပြည့်မီခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

### ဇယား ( ၁၀ ) ၂၀၂၄ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများသက်တမ်းအလိုက် အမှုအရေအတွက်

| စဉ် | တရားရုံးအမည် | ၃ လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂ လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | လှိုင်ကော်ခရိုင် | ၅ | ၁ | ၀ | ၀ | **၆** |
| | | ၈၃% | ၁၇% | ၀ | ၀ | **၁၀၀%** |
| ၂ | ဘောလခဲခရိုင် | ၀ | ၀ | ၀ | ၁ | **၁** |
| | | ၀ | ၀ | ၀ | ၁၀၀% | **၁၀၀%** |
| ၃ | ဒီးမော့ဆိုခရိုင် | ၀ | ၀ | ၀ | ၂ | **၂** |
| | | ၀ | ၀ | ၀ | ၁၀၀% | **၁၀၀%** |
| ၄ | မယ်စဲ့ခရိုင် | ၀ | ၀ | ၀ | ၀ | **၀** |
| | | ၀ | ၀ | ၀ | ၀ | **၀** |
| | စုစုပေါင်း | **၅** | **၁** | **၀** | **၃** | **၉** |
| | | **၅၆%** | **၁၁%** | **၀** | **၃၃%** | **၁၀၀%** |

ခရိုင်တရားရုံးများတွင် ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲတရားမမှုများ၏ ၂၄% သည် (၁၂)လ နှင့် (၁၈) လအောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၇၆% သည် (၁၈)လမှ (၃၆)လအတွင်း ကြာမြင့်သည့်အမှုများဖြစ်ပါသည်။ အသေးစိတ်ကို ***ဇယား(၁၁)*** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ ၂၀၂၄ခုနှစ်အတွင်း ခရိုင်တရားရုံးများတွင် (၃၆)လအထက် ကြန့်ကြာသည့်တရားမမှုများ မရှိကြောင်း တွေ့ရှိရသဖြင့် လျာထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

### ဇယား ( ၁၁ ) ၂၀၂၄ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်းအလိုက် အမှုအရေအတွက်

| စဉ် | တရားရုံး အမည် | ၉ လ အောက် | ၉-၁၂ လ | ၁၂-၁၈ လ | ၁၈-၃၆ လ | ၃၆ လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | လှိုင်ကော်ခရိုင် | ၀ | ၀ | ၄ | ၁၃ | ၀ | **၁၇** |
| | | ၀ | ၀ | ၂၄% | ၇၆% | ၀ | **၁၀၀%** |
| ၂ | ဘောလခဲခရိုင် | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| | | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| ၃ | ဒီးမော့ဆိုခရိုင် | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| | | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| ၄ | မယ်စဲ့ခရိုင် | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| | | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| | | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| | **စုစုပေါင်း** | **၀** | **၀** | **၄** | **၁၃** | **၀** | **၁၇** |
| | | **၀** | **၀** | **၂၄%** | **၇၆%** | **၀** | **၁၀၀%** |

## ၃.၄.၂ မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများ သက်တမ်း

မြို့နယ်တရားရုံးများတွင် ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲရာဇဝတ်မှုများ၏ ၃၉ % သည် (၃)လအောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၁၇%သည် (၃)လမှ (၆)လအတွင်း၊ ၄၄% သည် (၁၂)လအထက် ကြာမြင့်သည့်အမှုများဖြစ်ပါသည်။ အသေးစိတ်ကို ***ဇယား (၁၂)***တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် (၁၂) လအထက် ကြန့်ကြာသည့် ရာဇဝတ်မှုများမှာ ၂၀၂၄ ခုနှစ်အတွင်း စုစုပေါင်း စစ်ဆေးဆဲအမှုများ၏ ၄၄% ရှိသဖြင့် လျာထားချက်အား ပြည့်မီခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

### ဇယား ( ၁၂ ) ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများသက်တမ်း အလိုက် အမှုအရေအတွက်

| စဉ် | တရားရုံးအမည် | ၃ လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂ လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | လှိုင်ကော်မြို့နယ် | ၁၄ | ၆ | ၀ | ၁၄ | ၃၄ |
| | | ၄၁% | ၁၈% | ၀ | ၄၁% | ၁၀၀% |
| ၂ | ဒီးမော့ဆိုမြို့နယ် | ၀ | ၀ | ၀ | ၁ | ၁ |
| | | ၀ | ၀ | ၀ | ၁၀၀% | ၁၀၀% |
| ၃ | ဖရူဆိုမြို့နယ် | ၀ | ၀ | ၀ | ၀ | ၀ |
| | | ၀ | ၀ | ၀ | ၀ | ၀ |
| ၄ | ရှားတောမြို့နယ် | ၀ | ၀ | ၀ | ၀ | ၀ |
| | | ၀ | ၀ | ၀ | ၀ | ၀ |
| ၅ | ဘောလခဲမြို့နယ် | ၀ | ၀ | ၀ | ၁ | ၁ |
| | | ၀ | ၀ | ၀ | ၁၀၀% | ၁၀၀% |
| ၆ | ဖားဆောင်းမြို့နယ် | ၀ | ၀ | ၀ | ၀ | ၀ |
| | | ၀ | ၀ | ၀ | ၀ | ၀ |
| ၇ | မယ်စဲ့ | ၀ | ၀ | ၀ | ၀ | ၀ |
| | | ၀ | ၀ | ၀ | ၀ | ၀ |
| **စုစုပေါင်း** | | **၁၄** | **၆** | **၀** | **၁၆** | **၃၆** |
| | | **၃၉%** | **၁၇%** | **၀** | **၄၄%** | **၁၀၀%** |

မြို့နယ်တရားရုံးများတွင် ၂၀၂၄ခုနှစ်အတွင်း စစ်ဆေးဆဲတရားမမှုများ၏ ၇% သည် (၉)လအောက်ကြာမြင့်သည့်အမှုများဖြစ်ပြီး ၃၆% သည် (၁၂)လမှ (၁၈)လအတွင်း၊ ၅၀%သည် (၁၈)လမှ (၃၆)လအတွင်း၊ ၇% သည် (၃၆)လအထက် ကြာမြင့်သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို ***ဇယား (၁၃)*** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများတွင် (၃၆) လအထက် ကြန့်ကြာသည့်တရားမမှု ၇% ရှိသဖြင့် လျာထားချက်အား ပြည့်မီခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

## ဇယား ( ၁၃ ) ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်းအလိုက် အမှုအရေအတွက်

| စဉ် | တရားရုံးအမည် | ၆ လ အောက် | ၆-၁၂ လ | ၁၂-၁၈ လ | ၁၈-၃၆ လ | ၃၆ လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | လှိုင်ကော်မြို့နယ် | ၁ | ၀ | ၅ | ၇ | ၁ | **၁၄** |
| | | ၇% | ၀ | ၃၆% | ၅၀% | ၇% | **၁၀၀%** |
| ၂ | ဒီးမော့ဆိုမြို့နယ် | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| | | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| ၃ | ဖရူဆိုမြို့နယ် | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| | | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| ၄ | ရှားတောမြို့နယ် | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| | | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| ၅ | ဘောလခဲမြို့နယ် | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| | | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| ၆ | ဖားဆောင်းမြို့နယ် | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| | | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| ၇ | မယ်စဲ့မြို့နယ် | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| | | ၀ | ၀ | ၀ | ၀ | ၀ | **၀** |
| **စုစုပေါင်း** | | **၁** | **၀** | **၅** | **၇** | **၁** | **၁၄** |
| | | **၇%** | **၀** | **၃၆%** | **၅၀%** | **၇%** | **၁၀၀%** |

## ၃.၅ အမှုရုံးချိန်း သေချာစေမှု

အမှုများ စစ်ဆေးဆုံးဖြတ်ရာတွင် အမှုရုံးချိန်း သေချာစေမှုရှိစေရန် ရည်ရွယ်၍ အမှုရွှေ့ဆိုင်းနှုန်း၊ ပျမ်းမျှရုံးချိန်းနှင့် စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှုတို့ကို လျာထားချက်သတ်မှတ်ထားပါသည်။

**အမှုရွှေ့ဆိုင်းသည့်နှုန်း** - ရုံးချိန်းချိန်းဆိုမှုနှင့်အမှုရွှေ့ဆိုင်းမှု အချိုးဖြစ်သည်။ တရားရုံးတွင် အမှုစစ်ဆေးရန် ချိန်းဆိုသည့်နေ့များ၊ အမှုရွှေ့ဆိုင်းမှုနှုန်းများကို လျှော့ချပြီး တရားရုံး၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန် ရည်ရွယ်၍ သတ်မှတ်ထားပါသည်။

၂၀၂၄ ခုနှစ်အတွက် တရားရုံးများ၏ အမှုရွှေ့ဆိုင်းသည့်နှုန်းမှာ အောက်ပါအတိုင်း လျှော့ချရန် ရည်ရွယ်ထားပါသည် -

- ❑ ရာဇဝတ်မှုရွှေ့ဆိုင်းနှုန်းကို ၂၅ % ထိ လျှော့ချရန်
- ❑ တရားမမှုရွှေ့ဆိုင်းနှုန်းကို ၂၅ % ထိ လျှော့ချရန်

### ၃.၅.၁ ခရိုင်တရားရုံးများ၏ အမှုရွှေ့ဆိုင်းနှုန်း

၂၀၂၄ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ အမှုရွှေ့ဆိုင်းနှုန်းကို ***ဇယား (၁၄)*** ဖြင့် ဖော်ပြပါသည်။ ယင်းဇယားအရ လှိုင်ကော်ခရိုင်တရား၏ ရာဇဝတ်မှုရွှေ့ဆိုင်းနှုန်းမှာ ၆၅% ဖြစ်သည့်အတွက် လျာထားချက်ကိုပြည့်မီခြင်းမရှိကြောင်း၊ ဘောလခဲခရိုင်တရားရုံး၏ ရာဇဝတ်မှုရွှေ့ဆိုင်းနှုန်းမှာ ၁၂%၊ တရားမမှုရွှေ့ဆိုင်းနှုန်းမှာ ၅% ဖြစ်သည့်အတွက် ရာဇဝတ်နှင့် တရားမမှုရွှေ့ဆိုင်းနှုန်းမှာ လျာထားချက်ကို ကျော်လွန်ကြောင်း တွေ့ရှိရပါသည်။

**ဇယား ( ၁၄ ) ခရိုင်တရားရုံးများ၏ အမှုရွှေ့ဆိုင်းနှုန်း**

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | အခြေခံမျဉ်း% | ၂၀၂၄ခုနှစ်အတွက် ရလာဒ်များ% |
|---|---|---|---|---|
| ၁ | လှိုင်ကော်ခရိုင် | ရာဇဝတ် | ၂၅% | ၆၅% |
| | | တရားမ | ၂၅% | ၀% |
| ၂ | ဘောလခဲခရိုင် | ရာဇဝတ် | ၂၅% | ၂၁% |
| | | တရားမ | ၂၅% | ၅% |
| ၃ | ဒီးမော့ဆိုခရိုင် | ရာဇဝတ် | ၂၅% | ၀% |
| | | တရားမ | ၂၅% | ၀% |
| ၄ | မယ်စဲ့ခရိုင် | ရာဇဝတ် | ၂၅% | ၀% |
| | | တရားမ | ၂၅% | ၀% |

**ခရိုင်တရားရုံးများ၏ ၂၀၂၄ခုနှစ် ရာဇဝတ်နှင့် တရားမမှု အမှုရွှေ့ဆိုင်းနှုန်း**



## ၃.၅.၂ မြို့နယ်တရားရုံးများ၏ အမှုရှေ့ဆိုင်းနှုန်း

၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ အမှုရွှေ့ဆိုင်းနှုန်းကို ***ဇယား (၁၅)*** ဖြင့် ဖော်ပြပါသည်။ ယင်းဇယားအရ လှိုင်ကော်မြို့နယ်တရားရုံး၏ ရာဇဝတ်မှုရွှေ့ဆိုင်းနှုန်းမှာ ၅၀% ဖြစ်သည့်အတွက် လျာထားချက်ကို ပြည့်မီခြင်းမရှိကြောင်း၊ ဒီးမော့ဆိုမြို့နယ်တရားရုံး၏ ရာဇဝတ်မှုရွှေ့ဆိုင်းနှုန်းမှာ ၂၁% ဖြစ်သည့်အတွက် ရာဇဝတ်မှုရွှေ့ဆိုင်းနှုန်းမှာ လျာထားချက်ကို ကျော်လွန်ကြောင်း တွေ့ရှိရပါသည်။

### ဇယား ( ၁၅ ) မြို့နယ်တရားရုံးများ၏ အမှုရွှေ့ဆိုင်းနှုန်း

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | အခြေခံမျဉ်း% | ၂၀၂၄ခုနှစ်အတွက် ရလာဒ်များ% |
|---|---|---|---|---|
| ၁ | လှိုင်ကော်မြို့နယ် | ရာဇဝတ် | ၂၅% | ၅၀% |
| | | တရားမ | ၂၅% | ၀% |
| ၂ | ဒီးမော့ဆိုမြို့နယ် | ရာဇဝတ် | ၂၅% | ၂၁% |
| | | တရားမ | ၂၅% | ၀% |
| ၃ | ဖရူဆိုမြို့နယ် | ရာဇဝတ် | ၂၅% | ၀% |
| | | တရားမ | ၂၅% | ၀% |
| ၄ | ရှားတောမြို့နယ် | ရာဇဝတ် | ၂၅% | ၀% |
| | | တရားမ | ၂၅% | ၀% |
| ၅ | ဘောလခဲမြို့နယ် | ရာဇဝတ် | ၂၅% | ၀% |
| | | တရားမ | ၂၅% | ၀% |
| ၅ | ဖားဆောင်းမြို့နယ် | ရာဇဝတ် | ၂၅% | ၀% |
| | | တရားမ | ၂၅% | ၀% |
| ၆ | မယ်စဲ့မြို့နယ် | ရာဇဝတ် | ၂၅% | ၀% |
| | | တရားမ | ၂၅% | ၀% |

## မြို့နယ်တရားရုံးများ၏ ၂၀၂၄ ခုနှစ် ရာဇဝတ်နှင့်တရားမမှု အမှုရွှေ့ဆိုင်းနှုန်း




### ၃.၆ အမှုအလိုက် အမှုကြားနာရန်ချိန်းဆိုသော ပျမ်းမျှရုံးချိန်းအရေအတွက်

### ၃.၆.၁ ပျမ်းမျှရုံးချိန်း

အမှုစွဲဆိုသည်မှ ပြီးပြတ်သည်ထိ ကြားနာသည့်ရုံးချိန်းအရေအတွက်ဖြစ်သည်။ အမှုကြားနာရန် ချိန်းဆိုမှုလျှော့ချရန် ရည်ရွယ်၍ သတ်မှတ်ထားပါသည်။

၂၀၂၄ခုနှစ်အတွက် တရားရုံးများ၏ ပျမ်းမျှရုံးချိန်းအရေအတွက်မှာ အောက်ပါအတိုင်း လျှော့ချရန် ရည်ရွယ်ထားပါသည် -

- ❑ ရာဇဝတ်မှုများ ၈ ချိန်းအထိ လျှော့ချရန်
- ❑ တရားမမှုများ ၁၈ ချိန်းအထိ လျှော့ချရန်

### ၃.၆.၂ ခရိုင်တရားရုံးများ၏ ပျမ်းမျှရုံးချိန်းအရေအတွက်

၂၀၂၄ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ ပျမ်းမျှရုံးချိန်းအရေအတွက်ကို ***ဇယား (၁၆)*** ဖြင့် ဖော်ပြပါသည်။ ယင်းဇယားအရ လှိုင်ကော်ခရိုင်တရား၏ ရာဇဝတ်မှု ပျမ်းမျှရုံးချိန်းမှာ ၁၉ ဖြစ်သည့် အတွက်လျာထားချက်ထက်ကျော်လွန်လျက်ရှိကြောင်း၊ ဒီးမော့ဆိုခရိုင်တရားရုံး၏ ရာဇဝတ်မှု ပျမ်းမျှရုံးချိန်းမှာ ၅% ဖြစ်သည့်အတွက် လျာထားချက်ထက် လျော့နည်းချိန်းဆိုနိုင်ကြောင်း၊ ဘောလခဲ ခရိုင်တရားရုံး၏ရာဇဝတ်မှုပျမ်းမျှရုံးချိန်းမှာ ၁ ချိန်းဖြစ်သည့်အတွက် လျာထားချက်ထက် လျော့နည်း ချိန်းဆိုနိုင်ကြောင်း တွေ့ရှိရပါသည်။

ဇယား( ၁၆ )ခရိုင်တရားရုံးများ၏ ပျမ်းမျှရုံးချိန်းအရေအတွက်

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | အခြေခံမျဉ်း | ၂၀၂၄ခုနှစ်အတွက် ရလာဒ်များ |
|---|---|---|---|---|
| ၁ | လှိုင်ကော်ခရိုင် | ရာဇဝတ် | ၈ | ၁၉ |
| | | တရားမ | ၁၈ | ၀ |
| ၂ | ဒီးမော့ဆိုခရိုင် | ရာဇဝတ် | ၈ | ၅ |
| | | တရားမ | ၁၈ | ၀ |
| ၃ | ဘောလခဲခရိုင် | ရာဇဝတ် | ၈ | ၁ |
| | | တရားမ | ၁၈ | ၀ |
| ၄ | မယ်စဲ့ခရိုင် | ရာဇဝတ် | ၈ | ၀ |
| | | တရားမ | ၁၈ | ၀ |

## ၃.၆.၃ မြို့နယ်တရားရုံးများ၏ ပျမ်းမျှရုံးချိန်းအရေအတွက်

၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ ပျမ်းမျှရုံးချိန်းအရေအတွက်ကို ***ဇယား (၁၇)*** ဖြင့် ဖော်ပြပါသည်။ ယင်းဇယားအရ လှိုင်ကော်မြို့နယ်တရား၏ ရာဇဝတ်မှု ပျမ်းမျှရုံးချိန်းမှာ ၁၀ ဖြစ်သည့်အတွက် လျာထားချက်ထက် အနည်းငယ်ကျော်လွန်လျက်ရှိကြောင်း၊ ဒီးမော့ဆိုမြို့နယ်တရားရုံး၏ ရာဇဝတ်မှု ပျမ်းမျှရုံးချိန်းမှာ ၅ ဖြစ်သည့်အတွက် လျာထားချက်ထက် လျော့နည်းချိန်းဆိုနိုင်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၇) မြို့နယ်တရားရုံးများ၏ ပျမ်းမျှရုံးချိန်းအရေအတွက်

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | အခြေခံမျဉ်း | ၂၀၂၄ခုနှစ်အတွက် ရလာဒ်များ |
|---|---|---|---|---|
| ၁ | လှိုင်ကော်မြို့နယ် | ရာဇဝတ် | ၈ | ၁၀ |
| | | တရားမ | ၁၈ | ၀ |
| ၂ | ဒီးမော့ဆိုမြို့နယ် | ရာဇဝတ် | ၈ | ၅ |
| | | တရားမ | ၁၈ | ၀ |
| ၃ | ဖရူဆိုမြို့နယ် | ရာဇဝတ် | ၈ | ၀ |
| | | တရားမ | ၁၈ | ၀ |
| ၄ | ရှားတောမြို့နယ် | ရာဇဝတ် | ၈ | ၀ |
| | | တရားမ | ၁၈ | ၀ |
| ၅ | ဘောလခဲမြို့နယ် | ရာဇဝတ် | ၈ | ၀ |
| | | တရားမ | ၁၈ | ၀ |
| ၆ | ဖားဆောင်းမြို့နယ် | ရာဇဝတ် | ၈ | ၀ |
| | | တရားမ | ၁၈ | ၀ |
| ၇ | မယ်စဲ့မြို့နယ် | ရာဇဝတ် | ၈ | ၀ |
| | | တရားမ | ၁၈ | ၀ |

## ၃.၇ စံသတ်မှတ်ကာလအတွင်း အမှုပြီးပြတ်နှုန်း

မှုခင်းစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများတွင် မှုခင်းများကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်ရန် ရည်ရွယ်၍ ရိုးရှင်းသောရာဇဝတ်မှုကို ရက်ပေါင်း ၁၈၀ အတွင်း၊ ရိုးရှင်းသော တရားမမှုကို ရက်ပေါင်း ၃၆၅ ရက်အတွင်း စစ်ဆေးပြီးပြတ်ရန် အချိန်စံနှုန်းများသတ်မှတ်ထားပါသည်။ အမှုများ၏ ၉၀% အထိ သတ်မှတ်သည့်အချိန်အတွင်း ဆုံးဖြတ်နိုင်ရန် လျာထားပါသည်။ စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှုအခြေအနေကို အောက်ပါဇယားများဖြင့် ဖော်ပြပါသည် -

### ဇယား ( ၁၈ ) ခရိုင်တရားရုံးများ၏ စံသတ်မှတ်ကာလအတွင်း အမှုဆုံးဖြတ်နိုင်မှု

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | စံသတ်မှတ်ကာလအတွင်း ဆုံးဖြတ်နိုင်မှု |
|---|---|---|---|
| ၁ | လှိုင်ကော်ခရိုင် | ရာဇဝတ် | ၅၉% |
| | | တရားမ | ၀% |
| ၂ | ဒီးမော့ဆိုခရိုင် | ရာဇဝတ် | ၃၃% |
| | | တရားမ | ၀% |
| ၃ | ဘောလခဲခရိုင် | ရာဇဝတ် | ၁၀၀% |
| | | တရားမ | ၀% |
| ၄ | မယ်စဲ့ခရိုင် | ရာဇဝတ် | ၀% |
| | | တရားမ | ၀% |

### ဇယား ( ၁၉ ) မြို့နယ်တရားရုံးများ၏ စံသတ်မှတ်ကာလအတွင်း အမှုဆုံးဖြတ်နိုင်မှု

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | စံသတ်မှတ်ကာလအတွင်း ဆုံးဖြတ်နိုင်မှု |
|---|---|---|---|
| ၁ | လှိုင်ကော်မြို့နယ် | ရာဇဝတ် | ၈၅% |
| | | တရားမ | ၀% |
| ၂ | ဒီးမော့ဆိုမြို့နယ် | ရာဇဝတ် | ၃၃% |
| | | တရားမ | ၀% |
| ၃ | ဖရူဆိုမြို့နယ် | ရာဇဝတ် | ၀% |
| | | တရားမ | ၀% |
| ၄ | ရှားတောမြို့နယ် | ရာဇဝတ် | ၀% |
| | | တရားမ | ၀% |
| ၅ | ဘောလခဲမြို့နယ် | ရာဇဝတ် | ၀% |
| | | တရားမ | ၀% |
| ၆ | ဖားဆောင်းမြို့နယ် | ရာဇဝတ် | ၀% |
| | | တရားမ | ၀% |
| ၇ | မယ်စဲ့မြို့နယ် | ရာဇဝတ် | ၀% |
| | | တရားမ | ၀% |

## ၃.၈ မှုခင်းစီမံခန့်ခွဲမှု တရားရုံးများ၏ တရားရုံးအသုံးပြုသူများကျေနပ်မှု

၂၀၂၄ ခုနှစ်တွင် လတ်တလောနယ်မြေအခြေအနေအရ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများအနေဖြင့် တရားရုံးအသုံးပြုသူများ၏ စစ်တမ်းကောက်ယူခြင်းကို ပြုလုပ်နိုင်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

## ၃.၉ အယူခံတက်ရောက်မှုနှုန်း

အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အတွင်း တရားရုံးများ၏ အပြီးသတ်ဆုံးဖြတ်ချက်အပေါ် အမှုသည်များ၏ ကျေနပ်မှုကို တိုင်းတာရန် ဖော်ပြခြင်းဖြစ်ပါသည်။

### ၃.၉.၁ မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း

ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများမှ ဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် ခရိုင်တရားရုံးများ၏ အယူခံမှုအရေအတွက်တို့၏ အမျိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ စုစုပေါင်း အယူခံတက်ရောက်မှုနှုန်းသည် ရာဇဝတ်မှုများတွင် (၂.၆၁%) ရှိပြီး တရားမမှုများတွင် (၀%) ရှိပါသည်။ မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်းကို ***ဇယား (၂၀)***တွင် ဖော်ပြထားပါသည်။

**ဇယား ( ၂၀ ) ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီးအမှု ( မြို့နယ် ) | အယူခံမှု ( ခရိုင် ) | ဆုံးဖြတ်ပြီးအမှု ( မြို့နယ် ) | အယူခံမှု ( ခရိုင် ) | ရာဇဝတ် | တရားမ |
| ၁။ | ကယားပြည်နယ် | ၁၉၁ | ၅ | ၄ | ၀ | ၂.၆၁% | ၀% |
| **စုစုပေါင်း** | | **၁၉၁** | **၅** | **၄** | **၀** | **၂.၆၁%** | **၀%** |

## ၃.၉.၂ ခရိုင်တရားရုံးများမှ ကယားပြည်နယ်တရားလွှတ်တော်သို့ အယူခံတက်ရောက်မှုနှုန်း

ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများမှဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက်ခရိုင်တရားရုံးများ၏ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် ကယားပြည်နယ်တရားလွှတ်တော်၏ အယူခံမှု အရေအတွက်များ၏ အမျိုးအစားကို တွက်ချက်ခြင်း ဖြစ်ပါသည်။ အယူခံမှု အရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်း မရှိပါ။

၂၀၂၄ ခုနှစ်အတွင်း ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများမှ ကယားပြည်နယ်တရားလွှတ်တော်သို့ စုစုပေါင်း အယူခံတက်ရောက်မှုနှုန်းသည် ရာဇဝတ်မှုများတွင် (၈.၈၂%) ရှိပြီး တရားမမှုများတွင် (၁၈.၁၉%) ရှိပါသည်။ ခရိုင်တရားရုံးများမှ ကယားပြည်နယ်တရားလွှတ်တော်သို့ အယူခံတက်ရောက်မှုနှုန်းကို ***ဇယား (၂၁)*** တွင် ဖော်ပြထားပါသည်။

### ဇယား ( ၂၁ ) ၂၀၂၄ ခုနှစ်အတွင်း ခရိုင်တရားရုံးများမှ ကယားပြည်နယ်တရားလွှတ်တော်သို့ အယူခံတက်ရောက်မှုနှုန်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီးအမှု ( ခရိုင် ) | အယူခံမှု ( တရားလွှတ်တော် ) | ဆုံးဖြတ်ပြီးအမှု ( ခရိုင် ) | အယူခံမှု ( တရားလွှတ်တော် ) | ရာဇဝတ် | တရားမ |
| ၁။ | ကယားပြည်နယ် | ၆၈ | ၆ | ၁၁ | ၂ | ၈.၈၂% | ၁၈.၁၉% |
| **စုစုပေါင်း** | | **၆၈** | **၆** | **၁၁** | **၂** | **၈.၈၂%** | **၁၈.၁၉%** |

## ၃.၁၀ မှုခင်းပမာဏနှင့်တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု

ပြက္ခဒိန်နှစ်အတွင်း တရားသူကြီးတစ်ဦး စစ်ဆေးရသည့် မှုခင်းပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့် အမှုပမာဏကို တိုင်းတာရန်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်အတွင်း တရားရုံးအဆင့်အလိုက် တရားသူကြီးတစ်ဦးလျှင် လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်နှင့် စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်တို့ကို ***ဇယား (၂၂)***တွင် ဖော်ပြထားပါသည်။

## ဇယား ( ၂၂ ) ၂၀၂၄ ခုနှစ်အတွင်း တရားသူကြီးတစ်ဦးချင်းစစ်ဆေးရသည့် အမှုပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့်အမှုပမာဏ

| တရားရုံးအမည် | စွဲဆို ( ရာဇဝတ် + တရားမ ) | | | ပြီးပြတ် ( ရာဇဝတ် + တရားမ ) | | | တရားသူကြီး အရေအတွက် | မှုခင်းပမာဏ | ဆောင်ရွက်နိုင်မှု | ဆောင်ရွက်မှုရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း | | | | |
| **တရားလွှတ်တော်** | ၆ | ၂ | ၈ | ၆ | ၇ | ၁၃ | ၃ | ၃ | ၄ | ၁၃၃.၃၃% |
| **ခရိုင်တရားရုံးများ** | ၅၁ | ၁၅ | ၆၆ | ၆၈ | ၁၁ | ၇၉ | ၅ | ၁၃ | ၁၆ | ၁၂၃.၀၇% |
| **မြို့နယ်တရားရုံးများ** | ၁၇၂ | ၃ | ၁၇၅ | ၁၉၁ | ၄ | ၁၉၅ | ၇ | ၂၅ | ၂၈ | ၁၁၂.၀၀% |

၂၀၂၄ ခုနှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်တွင် တရားသူကြီးတစ်ဦးစီ၏ ပျမ်းမျှ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ (၃) မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ (၄) မှုဖြစ်ပါသည်။

ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများတွင် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ (၁၃)မှုဖြစ်ပြီး စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ (၁၆)မှုဖြစ်ပါသည်။

ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများတွင် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ (၂၅)မှုဖြစ်ပြီး စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ (၂၈)မှုဖြစ်ပါသည်။

## ၃.၁၁ အရေးကြီးရာဇဝတ်မှု အမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း

ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများသို့ ၂၀၂၄ ခုနှစ်အတွင်း စွဲဆိုခဲ့သည့် အရေးကြီးရာဇဝတ်မှုများဖြစ်သည့် မုဒိမ်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှုများနှင့် ယာဉ်မတော်တဆမှုကြောင့် လူသေမှုများ၏ စွဲဆိုမှုအခြေအနေကို ဖော်ပြရခြင်းမှာ ကယားပြည်နယ်အတွင်း အရေးကြီးရာဇဝတ်မှုများ ဖြစ်ပွားမှုအခြေအနေကို သိရှိစေရန်ဖြစ်ပါသည်။

ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများသို့ စွဲဆိုခဲ့သည့် ရာဇဝတ်မှုအရေအတွက်မှ နေ့ချင်းပြီး စစ်ဆေးပြီးပြတ်သည့် အမှုများကို ထုတ်နုတ်၍ကျန်ရှိသည့် အမှုအရေအတွက်နှင့် အရေးကြီးအမှုအမျိုးအစားတစ်ခုချင်းစီအလိုက် စွဲဆိုသည့်အမှုအရေအတွက်ကို တွက်ချက်ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများသို့ စွဲဆိုခဲ့သည့် ရာဇဝတ်မှုလမှု စုစုပေါင်း (၁၅၇) မှုရှိပါသည်။ အဆိုပါအမှုများအနက် နေ့ချင်းပြီး စစ်ဆေးပြီးပြတ်ခဲ့သည့် အသေးအဖွဲမှု စုစုပေါင်း (၉၉) မှုရှိပါသည်။ ကျန်ရှိသည့် အမှုပေါင်း (၅၈) မှုတွင် မူးယစ်ဆေးဝါးမှုများ

သည် (၇၆.၄၇%)၊ လူသတ်မှုများသည် (၅.၈၈%)၊ မုဒိမ်းမှုများသည် (၅.၈၈%)၊ ယာဉ်မတော်တဆမှုကြောင့် လူသေမှုများသည် (၀.၀၀%)၊ ကလေးသူငယ်မှုခင်းမှုများ (၁၁.၇၇%)၊ အခြားအမှုများသည် (၀%) စွဲဆိုခဲ့ပါသည်။ အမှုအမျိုးအစားအလိုက် အသေးစိတ်စာရင်းကို ***ဇယား (၂၃)*** တွင် ဖော်ပြထားပါသည်။

**ဇယား ( ၂၃ ) ၂၀၂၄ ခုနှစ်အတွင်း အရေးကြီးရာဇဝတ်အမှုအမျိုးအစားအလိုက်စွဲဆိုမှု**

| စဉ် | အမှုအမျိုးအစား | | စွဲဆိုသည့်အမှုအရေအတွက် | မှတ်ချက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | မူးယစ်ဆေးဝါးမှု | | ၁၃ | လှိုင်ကော်ခရိုင်တရားရုံး ( ၁၁ )<br>ဘောလခဲခရိုင်တရားရုံး ( - )<br>လှိုင်ကော်မြို့နယ်တရားရုံး ( ၂ ) | ၇၆.၄၇% |
| ၂။ | လူသတ်မှု | | ၁ | လှိုင်ကော်ခရိုင်တရားရုံး ( ၁ ) | ၅.၈၈% |
| ၃။ | မုဒိမ်းမှု | အရွယ်ရောက် | ၁ | လှိုင်ကော်မြို့နယ်တရားရုံး ( ၁ ) | ၅.၈၈% |
| | | သက်ငယ် | - | - | |
| ၄။ | လူကုန်ကူးမှု | | - | - | - |
| ၅။ | ယာဉ်မတော်တဆမှုကြောင့် လူသေမှု | | - | - | - |
| ၆။ | ကလေးသူငယ်မှု | | ၂ | လှိုင်ကော်မြို့နယ်တရားရုံး ( ၂ ) | ၁၁.၇၇% |
| ၇။ | အခြား | | - | - | - |
| **စုစုပေါင်း** | | | **၁၇** | | **၁၀၀%** |



# အပိုင်း (၄)

# ဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄)အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) တွင် ဆောင်ရွက်ရန် လျာထားချက်များ

## အပိုင်း (၄)

## ဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) တွင် ဆောင်ရွက်ရန် လျာထားချက်များ

### ၄.၁ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍကို ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)၊ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂)နှင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ကို ချမှတ်ခဲ့သည်။ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းများအရ တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများရရှိအောင်မြင်စေရန်အတွက် နယ်ပယ် (၅)ရပ်အဖြစ် (၁) တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊ (၂) အများပြည်သူ၏ အသိပညာကို မြှင့်တင်ပေးရန် (၃) တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ပေးရန်၊ (၄) တရားစီရင်ရေးနှင့်ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်နှင့် (၅) ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နှစ်စဉ်ဆောင်ရွက်မည့် တစ်နှစ်တာလုပ်ငန်းအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

### ၄.၂ ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ၏ အောင်မြင်မှုများ

၂၀၂၄ ခုနှစ် ဒုတိယနှစ်မဟာဗျူဟာ လုပ်ငန်းအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော အောင်မြင်မှုများမှာ -

- ❑ ပြည်နယ်အဆင့် ဥပဒေအထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းများအား အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ခြင်း
- ❑ သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံကောင်တာများကို ထိရောက်စွာအသုံးချစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း
- ❑ သတင်းမီဒီယာဆက်ဆံရေး ကျွမ်းကျင်မှု ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ပို့ချနိုင်ခြင်း
- ❑ ၂၀၂၄ ခုနှစ်အတွက် တရားရုံးနှစ်စဉ်အစီရင်ခံစာကို ထုတ်ဝေနိုင်ခြင်း
- ❑ တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာအရည်အသွေးမြှင့်သင်တန်း ဖွင့်လှစ်ပို့ချနိုင်ခြင်း

- ❑ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှု အခြေအနေအား ၂၀၂၄ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာတွင် ထည့်သွင်းထုတ်ပြန်ရန် အချက်အလက်များ ကောက်ယူခဲ့ခြင်း
- ❑ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအား အများပြည်သူလက်လှမ်းမီမှု ရှိစေရေးအတွက် မြန်မာဘာသာ၊ ကယားဘာသာတို့ဖြင့် ပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ခြင်း
- ❑ တရားရုံးဝန်ထမ်းများအား ရုံးလုပ်ငန်းသုံး ကွန်ပျူတာသင်တန်းများကို ပို့ချခဲ့ခြင်း

## ၄.၃ ၂၀၂၅ ခုနှစ်တွင်ဆောင်ရွက်ရန် လျာထားချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ပါ မဟာဗျူဟာလုပ်ငန်းနယ်ပယ်အလိုက် အောင်မြင်မှုများရရှိစေရန်အတွက် နှစ်စဉ် မဟာဗျူဟာလုပ်ငန်း အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

တတိယနှစ်မဟာဗျူဟာ လုပ်ငန်းအစီအစဉ်အရ ၂၀၂၅ ခုနှစ်တွင် ကယားပြည်နယ်တရားလွှတ်တော်နှင့် ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများက -

- ❑ ဥပဒေအထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့အောင် ဆက်လက်ကူညီခြင်း
- ❑ တရားစီရင်ရေးကဏ္ဍ၏ ဆောင်ရွက်ချက်များအပေါ် တိကျမှန်ကန်သော သတင်းအချက်အလက်များကို မီဒီယာများမှတစ်ဆင့်အများပြည်သူသိရှိအောင် ဆောင်ရွက်ခြင်း
- ❑ တရားရုံးအသုံးပြုသူများက တရားရုံးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အလွယ်တကူသိရှိနိုင်ရန် လက်ကမ်းစာစောင်များ၊ ဗီနိုင်းများ၊ လမ်းညွှန်အမှတ်အသားများ ထားရှိခြင်း
- ❑ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှု ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း
- ❑ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှု အခြေအနေအား တရားရုံးနှစ်စဉ်အစီရင်ခံစာတွင် ထည့်သွင်းထုတ်ပြန်ခြင်း
- ❑ ကလေးသူငယ်များနှင့် ကာကွယ်စောင့်ရှောက်မှုလိုအပ်သည့် လူကြီးသက်သေများအတွက် တရားရုံးသက်သေအထူးစစ်မေးခန်း၊ သီးသန့်ရုံးခန်းတွင် စစ်မေးခြင်းနှင့် လိုအပ်သည့်အခါ သက်သေစကားပြန် စီစဉ်ဆောင်ရွက်ပေးခြင်း

**တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်စာအုပ်ကို ကယားပြည်နယ်တရားလွှတ်တော်၏ Website တွင် Download ရယူဖတ်ရှုနိုင်ပါသည်။**

# အပိုင်း (၅)

# ကယားပြည်နယ်တရားလွှတ်တော်၏ အထွေထွေဆောင်ရွက်မှုများ

## အပိုင်း (၅)

## ကယားပြည်နယ်တရားလွှတ်တော်၏ အထွေထွေဆောင်ရွက်ချက်များ

### ၅.၁ ဝန်ထမ်းများအားထောက်ပံ့ငွေ၊ အဝတ်အထည်များ ပေးအပ်ခြင်း

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ကယားပြည်နယ်တရားလွှတ်တော်နှင့် လွိုင်ကော်ခရိုင်၊ ဒီးမော့ဆိုခရိုင်၊ မယ်စဲ့ခရိုင်၊ လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ရှားတောမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများသည် ဘေးလွတ်ရာသို့ ရှောင်တိမ်းခဲ့ကြရပါသည်။

ထိုသို့ ဘေးလွတ်ရာသို့ရှောင်တိမ်းစဉ်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်ရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ (တာဝန်ထမ်းဆောင်ဆဲ/အငြိမ်းစား) နှင့် တရားရုံးအသီးသီးတို့မှ ဝန်ထမ်းများက အလှူငွေ၊ အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြပါသည်။

**ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်မှ ၂၀၂၄ ခုနှစ်အတွင်း ဝန်ထမ်းများအားထောက်ပံ့ပေးမှုမှတ်တမ်းများ**





## ၅.၂ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် တက်ရောက်ဖြေဆိုမည့် အမှုထမ်းများအား ထောက်ပံ့ငွေပေးအပ်ခြင်း

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်တရားရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် တရားရုံးဝန်ထမ်းများအနက်မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အဝေးသင်တက္ကသိုလ်ဖြေဆိုကြမည့် ဝန်ထမ်း (၈) ဦးအား ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ခဲ့ပါသည်။





## ၅.၃ ဘောလခဲမြို့တွင် တာဝန်ထမ်းဆောင်သည့် အမှုထမ်းများအား ထောက်ပံ့ငွေပေးအပ်ခြင်း

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဘောလခဲမြို့တွင် တာဝန်ထမ်းဆောင်နေကြသည့် ဘောလခဲခရိုင်တရားရုံးနှင့် ဘောလခဲမြို့နယ်တရားရုံးများမှ အမှုထမ်း (၈) ဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။





## ၅.၄ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ (၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်) နေ့တွင် ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီးတို့က အနန္တောအနန္တ ငါးပါးအား ဦးထိပ်ထား၍ သံသရာဝဋ်မှ လွတ်ကင်းရာမြတ်နိဗ္ဗာန်ကို ရည်သန်တောင့်တ၍ လွိုင်ကော်မြို့နယ်၊ ရှမ်းပိုင်းရပ်ကွက်၊ ရွှေကျောင်းတိုက်အတွင်းတွင် သီတင်းသုံးလျက်ရှိသည့် သံဃာတော်အရှင်သူမြတ်တို့အား မြတ်သောကာလဒါနဖြစ်သည့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။






## ၅.၅ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ လ ၁ ရက်နေ့ (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁) ရက်)နေ့တွင် လွိုင်ကော်မြို့နယ်၊ ဝမ်ကွန်ကျောင်းတိုက်အတွင်းရှိ ပုရိမဝါထတော်မူကြကုန်သော သံဃာတော်အရှင်သူမြတ်တို့အား **"ကထိန်လျာသင်္ကန်းနှင့်တကွ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထု"** အစုစုတို့ကို ဆက်ကပ် လှူဒါန်းခြင်းအား ကယားပြည်နယ်တရားလွှတ်တော်တွင် ကျင်းပပြုလုပ်ရာ ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် အရာထမ်းအမှုထမ်းများက ဆက်ကပ်လှူဒါန်းခဲ့ပါသည်။





## ၅.၆ နှစ်သစ်ကူးကြိုဆိုပွဲအထိမ်းအမှတ်ပြုလုပ်ခြင်း

၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်သို့ ကူးပြောင်းရောက်ရှိတော့မည့် နှစ်သစ်ကူးအကြိုအထိမ်းအမှတ်အဖြစ် (၂၇-၁၂-၂၀၂၄) ရက်နေ့တွင် ကယားပြည်နယ်တရားလွှတ်တော်ဝန်းအတွင်း၌ စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ခရစ္စမတ်ပွဲတော်နှင့် နှစ်သစ်ကူးအကြို ဆုတောင်းခြင်း၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအား ဆုမဲလက်ဆောင်များ ကံစမ်းမဲဖောက်ခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး အခမ်းအနားကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ပြည်နယ်တရားလွှတ်တော်၊ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

### ကယားပြည်နယ်တရားလွှတ်တော်၏ ဘာသာရေးဆောင်ရွက်မှု မှတ်တမ်းများ









## နောက်ဆက်တွဲ (က)

## ကယားပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၏ တည်နေရာများ

| စဉ် | ရုံးအမည် | လိပ်စာ |
|---|---|---|
| ၁။ | ကယားပြည်နယ်တရားလွှတ်တော် | သမိန်ထောလမ်း နှင့် လွိုင်ကော် - ရှားတောလမ်းထောင့်၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့ |
| ၂။ | လွိုင်ကော်ခရိုင်တရားရုံး | ဖဖော်လမ်း နှင့် ၅လမ်းထောင့်၊ ဒေါ်ဥခူရပ်ကွက်၊ လွိုင်ကော်မြို့ |
| ၃။ | ဘောလခဲခရိုင်တရားရုံး | လွိုင်ကော်-မော်ချီးကားလမ်းဘေး၊ ရှမ်းပိုင်းရပ်ကွက်၊ ဘောလခဲမြို့ |
| ၄။ | ဒီးမော့ဆိုခရိုင်တရားရုံး | ဦးသီရီလမ်း၊ ခရိုင်စုပေါင်းရုံး၊ ဒေါ်ဥခူရပ်ကွက်၊ လွိုင်ကော်မြို့ |
| ၅။ | မယ်စဲ့ခရိုင်တရားရုံး | မြောက်ပိုင်းရပ်ကွက်၊ မယ်စဲ့မြို့ |
| ၆။ | လွိုင်ကော်မြို့နယ်တရားရုံး | ဖဖော်လမ်း နှင့် ၅လမ်းထောင့်၊ ဒေါ်ဥခူရပ်ကွက်၊ လွိုင်ကော်မြို့ |
| ၇။ | ဒီးမော့ဆိုမြို့နယ်တရားရုံး | လွိုင်ကော်- မော်ချီးကားလမ်းဘေး၊ စည်ပင်သာယာရပ်ကွက်၊ ဒီးမော့ဆိုမြို့ |
| ၈။ | ဖရူဆိုမြို့နယ်တရားရုံး | မြို့မအုပ်စု၊ ထီးတရဲရပ်ကွက်၊ ဖရူဆိုမြို့ |
| ၉။ | ရှားတောမြို့နယ်တရားရုံး | အောင်ချမ်းသာရပ်ကွက်၊ ရှားတောမြို့ |
| ၁၀။ | ဘောလခဲမြို့နယ်တရားရုံး | လွိုင်ကော်- မော်ချီးကားလမ်းဘေး၊ ရှမ်းပိုင်းရပ်ကွက်၊ ဘောလခဲမြို့ |
| ၁၁။ | ဖားဆောင်းမြို့နယ်တရားရုံး | သံလွင်ဦးလမ်း၊ မြောက်ပိုင်းရပ်ကွက်၊ ဖားဆောင်းမြို့ |
| ၁၂။ | မယ်စဲ့မြို့နယ်တရားရုံး | မြောက်ပိုင်းရပ်ကွက်၊ မယ်စဲ့မြို့ |

## နောက်ဆက်တွဲ (ခ)

## သီးသန့်တရားရုံးဖြင့် ရုံးထိုင်စစ်ဆေးမှု အခြေအနေ

| စဉ် | တရားရုံး အမည် | အမှု အမှတ် | တရားလို | တရားခံ | စွဲဆိုသည့်ပုဒ်မ | ရောက်ရှိအဆင့် |
|---|---|---|---|---|---|---|
| ၁။ | ဘောလခဲခရိုင် တရားရုံး | ရာကြီး ၂/၂၀၂၃ | ဒုရဲမှူးမျိုးတင့် | အောင်သိန်းစိုး ပါ(၂) | အကြမ်းဖက် တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည) | ၅-၂-၂၀၂၅ ရက်နေ့တွင် အမိန့်ချမှတ်ပြီး ဖြစ်ပါသည်။ |
| ၂။ | ။ | ရာထွေ ၅/၂၀၂၃ | ဒုရဲမှူးမျိုးတင့် | နန်းမေမြတ်နိုး | အကြမ်းဖက် တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)/ ကျင့် ၅၁၂ | ၁၈-၁၂-၂၀၂၄ ရက်နေ့ တွင် ရာကျင့် ၈၇။ စစအရ ဝရမ်းထုတ် ဆင့်ပြီးဖြစ်ပါသည်။ |

## နောက်ဆက်တွဲ (၈)

# ပြည်နယ်တရားလွှတ်တော် နှင့် တရားရုံးအဆင့်ဆင့်ရှိ တရားရေးအရာရှိများ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ရာထူးအလိုက် အင်အားစာရင်း

| စဉ် | ရာထူးအမည် | လစာနှုန်း | ခွင့်ပြု | လက်ရှိ | | | လစ်လပ် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ညွှန်ကြားရေးမှူး | ၃၇၄၀၀၀ - ၄၀၀၀ - ၃၉၄၀၀၀ | ၁ | ၁ | - | ၁ | - |
| ၂။ | တရားရေးဝန်ထမ်းအဆင့် (၁) | ၃၄၁၀၀၀ - ၄၀၀၀ - ၃၆၁၀၀၀ | ၁၀ | ၁ | - | ၁ | ၉ |
| ၃။ | တရားရေးဝန်ထမ်းအဆင့် (၂) | ၃၀၈၀၀၀ - ၄၀၀၀ - ၃၂၈၀၀၀ | ၁၆ | ၄ | ၁ | ၅ | ၁၁ |
| ၄။ | တရားရေးဝန်ထမ်းအဆင့် (၃) | ၂၇၅၀၀၀ - ၄၀၀၀ - ၂၉၅၀၀၀ | ၁၉ | ၁ | ၂ | ၃ | ၁၆ |
| ၅။ | တရားရေးဝန်ထမ်းအဆင့် (၄) | ၂၃၆၀၀၀ - ၂၀၀၀ - ၂၅၆၀၀၀ | ၁၆ | ၁ | – | ၁ | ၁၅ |
| အရာထမ်းစုစုပေါင်း | | | ၆၂ | ၈ | ၃ | ၁၁ | ၅၁ |
| ၆။ | ရုံးအုပ် | ၂၃၄၀၀၀ - ၂၀၀၀ - ၂၄၄၀၀၀ | ၂ | - | ၁ | ၁ | ၁ |
| ၇။ | ဌာနခွဲစာရေး | ၂၁၆၀၀၀ - ၁၀၀၀ - ၂၂၆၀၀၀ | ၈ | - | ၆ | ၆ | ၂ |
| ၈။ | အကြီးတန်းစာရေး | ၁၉၈၀၀၀ - ၂၀၀၀ - ၂၀၈၀၀၀ | ၄၃ | - | ၇ | ၇ | ၃၆ |
| ၉။ | အကြီးတန်းလက်နှိပ်စက် | ၁၉၈၀၀၀ - ၂၀၀၀ - ၂၀၈၀၀၀ | ၄ | – | ၂ | ၂ | ၂ |
| ၁၀။ | လ/ထကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁၉၈၀၀၀ - ၂၀၀၀ - ၂၀၈၀၀၀ | ၅ | - | - | - | ၅ |
| ၁၁။ | လုံခြုံရေး– ၃ | ၁၉၈၀၀၀ - ၂၀၀၀ - ၂၀၈၀၀၀ | ၁ | - | - | - | ၁ |
| ၁၂။ | ယာဉ်မောင်း - ၃ | ၁၉၈၀၀၀ - ၂၀၀၀ - ၂၀၈၀၀၀ | ၁ | - | - | - | ၁ |
| ၁၃။ | အငယ်တန်းစာရေး | ၁၈၀၀၀၀ - ၂၀၀၀ - ၁၉၀၀၀၀ | ၃၅ | ၄ | ၉ | ၁၃ | ၂၂ |
| ၁၄။ | အငယ်တန်းလက်နှိပ်စက် | ၁၈၀၀၀၀ - ၂၀၀၀ - ၁၉၀၀၀၀ | ၃၄ | – | ၆ | ၆ | ၂၈ |
| ၁၅။ | ဒုလ/ထ ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀ - ၂၀၀၀ - ၁၉၀၀၀၀ | ၁ | - | - | - | ၁ |
| ၁၆။ | လုံခြုံရေး– ၄ | ၁၈၀၀၀၀ - ၂၀၀၀ - ၁၉၀၀၀၀ | ၃ | - | - | - | ၃ |
| ၁၇။ | ယာဉ်မောင်း - ၅ | ၁၆၂၀၀၀ - ၂၀၀၀ - ၁၇၂၀၀၀ | ၄ | ၂ | - | ၂ | ၂ |
| ၁၈။ | လုံခြုံရေး– ၅ | ၁၆၂၀၀၀ - ၂၀၀၀ - ၁၇၂၀၀၀ | ၅ | - | - | - | ၅ |
| ၁၉။ | စာတွဲချုပ် | ၁၆၂၀၀၀ - ၂၀၀၀ - ၁၇၂၀၀၀ | ၁ | - | ၁ | ၁ | - |
| ၂၀။ | ရုံးအကူ | ၁၄၄၀၀၀ - ၂၀၀၀ - ၁၅၄၀၀၀ | ၂၅ | ၂ | ၆ | ၈ | ၁၇ |
| ၂၁။ | ရုံးအကူ / စာပို့ | ၁၄၄၀၀၀ - ၂၀၀၀ - ၁၅၄၀၀၀ | ၂၁ | ၁ | ၁ | ၂ | ၁၉ |

## နောက်ဆက်တွဲ (ဂ)အဆုံး

| စဉ် | ရာထူးအမည် | လစာနှုန်း | ခွင့်ပြု | လက်ရှိ | | | လစ်လပ် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၂၂။ | ရုံးစောင့် | ၁၄၄၀၀၀ - ၂၀၀၀ - ၁၅၄၀၀၀ | ၁၁ | ၆ | – | ၆ | ၅ |
| ၂၃။ | သန့်ရှင်းရေး | ၁၄၄၀၀၀ - ၂၀၀၀ - ၁၅၄၀၀၀ | ၁၀ | ၁ | ၁ | ၂ | ၈ |
| ၂၄။ | လုပ်သား( ဥယျာဉ် ) | ၁၄၄၀၀၀ - ၂၀၀၀ - ၁၅၄၀၀၀ | ၃ | - | - | - | ၃ |
| **အမှုထမ်းစုစုပေါင်း** | | | ၂၁၇ | ၁၆ | ၄၀ | ၅၆ | ၁၆၁ |
| **စုစုပေါင်း** | | | ၂၇၉ | ၂၈ | ၄၆ | ၇၄ | ၂၀၅ |

## နောက်ဆက်တွဲ (ဃ)

### ကယားပြည်နယ်တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်ရှိရာထူးအဆင့်အလိုက် ပြုန်းတီးဝန်ထမ်းအင်အားစာရင်း

၁.၁.၂၀၂၄ မှ ၃၁.၁၂.၂၀၂၄ ထိ

| စဉ် | ရာထူး | ရာထူးမှ ထုတ်ပယ်ခြင်း | | ပင်စင် | | နှုတ်ထွက် | | သေဆုံး | |
|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ |
| ၁။ | ရုံးအုပ် | - | - | - | - | - | - | - | - |
| ၂။ | ဌာနခွဲစာရေး | - | ၁ | - | - | - | - | - | - |
| ၃။ | အကြီးတန်းစာရေး | - | - | - | ၁ | - | - | - | - |
| ၄။ | အကြီးတန်းလက်နှိပ်စက်စာရေး | - | - | – | - | - | - | - | - |
| ၅။ | လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး | - | - | - | - | - | - | - | - |
| ၆။ | ယာဉ်မောင်း-၃ | - | - | - | - | - | - | - | - |
| ၇။ | အငယ်တန်းစာရေး | ၁ | ၂ | - | - | - | - | - | - |
| ၈။ | အငယ်တန်းလက်နှိပ်စက်စာရေး | - | - | - | - | - | - | - | - |
| ၉။ | ယာဉ်မောင်း-၅ | - | - | - | - | - | - | - | - |
| ၁၀။ | စာတွဲချုပ် | - | - | - | - | - | - | - | - |
| ၁၁။ | ရုံးအကူ | - | ၁ | - | – | - | - | - | - |
| ၁၂။ | ရုံးအကူ/စာပို့ | - | - | - | - | ၁ | - | - | - |
| ၁၃။ | ရုံးစောင့် | - | - | - | - | - | - | - | - |
| ၁၄။ | သန့်ရှင်းရေး | - | - | - | - | - | - | - | - |
| | စုစုပေါင်း | ၁ | ၄ | – | ၁ | ၁ | - | - | - |

## နောက်ဆက်တွဲ (င)

## ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်အရေးယူမှုအခြေအနေ

(အမှုထမ်း) ၁.၁.၂၀၂၄ မှ ၃၁.၁၂.၂၀၂၄ ထိ

| စဉ် | ရာထူး | သတိပေးခြင်း | နှစ်တိုးလစာရပ်ဆိုင်းခြင်း | ရာထူးတိုးရပ်ဆိုင်းခြင်း | လစာနှုန်းအတွင်းလစာလျှော့ချခြင်း | ရာထူးအဆင့် လျှော့ချခြင်း | ဆုံးရှုံးမှုတန်ဖိုးပေးလျော်စေခြင်း | တာဝန်မှယာယီရပ်ဆိုင်းခြင်း | ရာထူးမှထုတ်ပယ်ခြင်း | ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရုံးအုပ် | | | | | | | | | | - |
| ၂။ | ဌာနခွဲစာရေး | | | ၁ | | | | | | | ၁ |
| ၃။ | အကြီးတန်းစာရေး | | | | | | | | | | - |
| ၄။ | အကြီးတန်းလက်နှိပ်စက် | ၁ | | | | | | | | | ၁ |
| ၅။ | အငယ်တန်းစာရေး | | | | | | | | | | - |
| ၆။ | အငယ်တန်းလက်နှိပ်စက် | ၁ | | | | | | | | | ၁ |
| ၇။ | ရုံးအကူ | ၁ | | | | | | | | | ၁ |
| ၈။ | ဆင့်စာ | | | | | | | | | | - |
| ၉။ | ရုံးစောင့်/သန့်ရှင်းရေး | ၁ | | | | | | | | | ၁ |
| ၁၀။ | လုပ်သား (ဥယျာဉ်) | | | | | | | | | | - |

## နောက်ဆက်တွဲ (စ)

## ဝန်ထမ်းများပြောင်းရွှေ့နေရာချထားမှု အခြေအနေ

၁-၁-၂၀၂၄ မှ ၃၁-၁၂-၂၀၂၄ ထိ

| စဉ် | လွှဲပြောင်းပေးသည့် တရားရုံး | ရာထူး | အရေအတွက် | လွှဲပြောင်းလက်ခံသည့်တရားရုံး |
|---|---|---|---|---|
| ၁။ | ဖားဆောင်းမြို့နယ် တရားရုံး | အကြီးတန်းစာရေး | ၁ | ညောင်ရွှေမြို့နယ်တရားရုံး |
| ၂။ | --------- ။ ---------- | အငယ်တန်းစာရေး | ၁ | ကျောက်ပန်းတောင်းမြို့နယ်တရားရုံး |
| ၃။ | --------- ။ ---------- | အငယ်တန်း လက်နှိပ်စက် | ၁ | ကျောက်ပန်းတောင်းမြို့နယ်တရားရုံး |
| ၄။ | ဘောလခဲမြို့နယ် တရားရုံး | ရုံးစောင့် | ၁ | ဆီဆိုင်မြို့နယ်တရားရုံး |
| စုစုပေါင်း | | | ၄ | - |

## ကျေးဇူးတင်လွှာ

ဤနှစ်စဉ်အစီရင်ခံစာ ပြုစုရေးအတွက် တရားရုံးနှစ်စဉ်အစီရင်ခံစာ ပြုစုရေးအဖွဲ့နှင့် နှစ်စဉ်အစီရင်ခံစာ ထုတ်ဝေရေးအတွက် ဆောင်ရွက်ပေးခဲ့သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။


**၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာအတွက် ဆက်သွယ်ရန်**

တရားရုံးနှစ်စဉ်အစီရင်ခံစာ ပြုစုရေးလုပ်ငန်းအဖွဲ့

အီးမေးလ် - kayah.jo@usc.gov.mm

**ကယားပြည်နယ်တရားလွှတ်တော်**

လွိုင်ကော်မြို့၊ ကယားပြည်နယ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**CONTACT FOR 2024 ANNUAL REPORT**

Annual Court Reporting Team

Email : kayah.admin@usc.gov.mm

**HIGH COURT OF KAYAH STATE**

Loikaw, Kayah State

The Republic of the Union of Myanmar